

တက္ကသိုလ်
သီဟအောင်
အာဂနယ်စားလေး
ဟမ်အင်း၏ ကိုးဆောင်း
ပ+ဒု
ဇာတ်သိမ်း

ဟက္ကသိုလ်သီဟအောင်

# အာဂနယ်စားလေး

(ဒုတိယပိုင်းဇာတ်သိမ်း)

# စိန်ခေါ်ခြင်း

သမားတော်ဝူစန်း၏ ဆေးကုသပေးမှုကြောင့် စုစုကျန်းမာလာသောအခါ ကျင်းလီသည် သူမ၏ စိတ်နေသဘောထားကို ရိပ်မိပြီးသည့်အလျောက် သူမ စိတ်ထိခိုက် ကြေကွဲနေသည်ကို မကြည့်ရက်သည့်နောက်ဆုံး သူမကို ပြန်လွှတ်ပေးရန် ဆုံးဖြတ်လိုက်လေသည်။

ထိုအချိန်မှာပင်....

'ဝုန်း....ဝုန်း....'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။

သမားတော်ဝူစန်း၏အိမ်ထဲသို့ လူတစ်စု ကျုံးကျော် ဝင်ရောက်လာကြလေသည်။

'ဟင်'

ကျင်းလီရင်ထိတ်သွားသည်။

သူနှင့် စုစုတို့ သမားတော်ဝူစန်း၏အိမ်၌ ရှိနေသည်ကို ချူးကျန်းဂိုဏ်းသားများ သိသွားကြပြီမဟုတ်ပါလား။

ချူးကျန်းဂိုဏ်း၏အင်အား၊ မိတ်ဆွေသင်္ဂဟ ပေါများပုံနှင့် အဆက်အသွယ်ကောင်းပုံမှာ အောချရလောက်ပေသည်။

သူ အံ့ဩသွားချိန်မှာပင် စုစု လှုပ်လှုပ်ရှားရှားဖြစ်သွားသည်ကို တွေ့ရလေသည်။

သူမသည် ကူညီမည့်သူများ ရောက်ရှိလာသဖြင့် ဝမ်းသာပျော်ရွှင်သွားပုံရလေသည်။

ညှော်ခန်းထဲသို့ ပြေးထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

'ဒါက ဘယ်လဲ'

ကျင်းလီက ဖျတ်ခနဲတားမြစ်လိုက်လေသည်။

'လွှတ်....လွှတ်၊ ကျွန်မကို လွှတ်'

သူမ ချက်ချင်း ရုန်းထွက်လိုက်သည်။



ကျင်းလီက မလွှတ်သဖြင့် သူမက အတင်းရုန်းထွက်ရင်း ပါးရိုက်ချလိုက်လေသည်။

'ဖြန်း'

ကျင်းလီ၏ပါးပြင် နီရဲထွက်လာသည်။

ကျင်းလီ၏မျက်နှာနီရဲသွားလေသည်။

'မင်း....'

'လွှတ်....ကျွန်မကို လွှတ်....'

'ကောင်းပြီ'

ကျင်းလီသည် သူမအား တွန်းထုတ်လိုက်လေသည်။

'ဝုန်း....'

သူမ ခုတင်ပေါ်သို့လဲကျသွားလေသည်။

ကျင်းလီအား ရန်တွေ့ရန်ဟန်ပြင်လိုက်သော်လည်း ကျင်းလီ၏မျက်နှာမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ခက်ထန်နေသည်ကို တွေ့လိုက်ရသဖြင့် ထိတ်လန့်သွားလေတော့သည်။

သူမ ဘာမှ မပြောရဲ မဆိုရဲအောင် ဖြစ်သွားလေတော့သည်။

ကျင်းလီက မျက်ထောင့်နီကြီးဖြင့်ကြည့်လိုက်သည်။

'စိတ်ချ၊ မင်းကို ငါပြန်လွှတ်ပေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်၊ ဒါပေမယ့် ခုတော့ ငါ့ရဲ့ဆုံးဖြတ်ချက်ကို ပြင်လိုက်ပြီး မင်းကို ငါဘယ်တော့မှ ပြန်မလွှတ်တော့ဘူး'

'ရှင်....ရှင် လူယုတ်မာ'

'မင်းကြိုက်သလိုသာပြောပေတော့'

ကျောင်းလီသည် စုစုအနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်သွားပြီး သွေးကြောထိုးပိတ်လိုက်လေသည်။

'အင့်'

စုစု မသဲမကွဲညည်းညူကာငြိမ်ကျသွားလေသည်။

ကျောင်းလီသည် သူမအား ဖျတ်ခနဲဆွဲယူကာ ပခုံးပေါ် ထမ်းလိုက်လေသည်။

ထို့နောက်....

အခန်းတွင်းမှ ထွက်လာခဲ့လေသည်။

ညှော်ခန်းထဲသို့ရောက်သည်နှင့် ဓားကိုင်ထားသူလေးယောက် ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူလေးယောက်သည် စုစုအား ပခုံးပေါ်ထမ်းကာ ထွက်လာသည်ကိုတွေ့လိုက်ရသည်။



ကျောင်းလီကိုတွေ့သည်နှင့် ရှည်ရှည်းဝေးဝေး စဉ်းစားမနေဘဲ ဝိုင်းရံထားလိုက်ကြလေသည်။

တစ်ယောက်က အော်ပြောလိုက်သည်။

'သခင်မလေးကို ခုချက်ချင်း လွှတ်လိုက်စမ်း'

ကျောင်းလီက ဟားတိုက်ရယ်မောလိုက်လေသည်။

'မင်းတို့သခင်မလေးကို ယူချင်တယ်ဆိုရင် ကျုပ်ကို အနိုင်ရအောင် တိုက်ခိုက်ကြပေတော့'

ထိုလူလေးယောက်သည် ရှည်ရှည်ဝေးဝေးစဉ်းစားမနေဘဲ ကျောင်းလီထံ တစ်ပြိုင်နက်တည်း ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ကျောင်းလီသည် လက်တစ်ဖက်က စုစုကိုထိန်းထားပြီး ကျန် လက်တစ်ဖက်က ထိုလူလေးယောက်အား ပြန်လည်တိုက်ခိုက် လိုက်လေသည်။

သမားတော်ဝူစန်းကား မည်သည့်နေရာ ရောက်ရှိသွားပြီ မသိနိုင်တော့ပါ။

ညှော်ခန်းအတွင်း၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာသည်။ ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်....

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ခါးသမားလေးယောက် အဝေးသို့ လွင့်စဉ်သွားကြတော့သည်။

'ဟား....ဟား....ဟား'

ကျောင်းလီက ဟားတိုက်ရယ်မောလိုက်လေသည်။

'ကျုပ်ကို ဘယ်သူ ဟန့်တားနိုင်မှာလဲ'

ကြုံးဝါးရင်း အိမ်ထဲမှ လှမ်းထွက်သွားလေသည်။

တိုက်ခိုက်ခဲ့သူလေးယောက်ကာ ကြမ်းပြင်ပေါ်လဲကျကာ သတိလစ်မေ့မြောလျက် ကျန်ရစ်ခဲ့ကြတော့သည်။

ကျောင်းလီကား စုစုအား ပခုံးပေါ်ထမ်းကား ဟားတိုက်ရယ်မောပြီး အိမ်ထဲမှ ပြေးထွက်သွားလေတော့သည်။

## တောင်ပိုင်းအရှုပ်အထွေး

**တောင်ပိုင်းနယ်။**

တောင်ပိုင်းနယ်တွင် နယ်စားလေးကျောင်းလီအိမ်မှ ထွက်သွားခြင်းကြောင့် အားလုံး စိုးရိမ်ပူပန်လျက်ရှိကြလေသည်။

အထူးသဖြင့် တောင်ပိုင်းနယ်၏ကိစ္စအဝဝကို တာဝန်ယူနေကြရသော အတိုင်ပင်ခံဘိုးဘိုးများ ဖြစ်ကြသော တုံးလှေနှင့် စန်းစီးတို့ကား ခေါင်းရှုပ်၍မဆုံးနိုင်အောင် ဖြစ်နေကြပေတော့သည်။

တုံးလှေနှင့်စန်စီးတို့သည် မျက်နှာချင်းဆိုင် ထိုင်နေကြ၏။ တုံးလှေက မအောင့်အီးနိုင်သလို ပြောလေသည်။

'နယ်စားလေးက ခုထိ သွားချင်ရာသွား လုပ်ချင်ရာလုပ်နေပြီး ပြန်မလာတော့ဘူး၊ ဒီအတိုင်းဆို ကြာရင် ဘယ်လိုလုပ်မလဲ၊ အများသူငါက ပြုံဖြင်လာကြလိမ့်မယ်'

စန်စီး ခေါင်းညိတ်လိုက်သည်။

'ဒါ မှန်ပါတယ်၊ နယ်စားလေးဟာ အိမ်ပြန်လာဖို့ သင့်ပါပြီ'

'နယ်စားလေးကို လိုက်ခေါ်နိုင်းလိုက်တဲ့လူတွေလဲ တစ်ယောက်မှ ပြန်မလာကြဘူး'

'သူတို့ဟာ နယ်စားလေးကို ခေါ်ရဲကြမှာ မဟုတ်ပါဘူး၊ နယ်စားလေးကို စောင့်ရှောက်ဖို့ပဲ တတ်နိုင်ကြမှာပါ'

စန်းစီကော တုံးခလွှပါ ပြိုင်တူသက်ပြင်းချလိုက်ကြလေသည်၊

'ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ'

ပြိုင်တူညည်းတွားမိလိုက်ကြသည်၊

နယ်စားလေးအား သည်အတိုင်း လွှတ်လိုက်မည် မဟုတ်ပါချေ၊



တစ်စုံတစ်ခုသော အစားအယှင်း ပြုလုပ်မိမည်ဆိုလျှင် တောင်ပိုင်းနယ်စားမျိုးဆက် ပြတ်သွားရလိမ့်မည် ဖြစ်သည်၊

စန်းစီးက အကြံပေးလိုက်သည်၊

'ကျုပ်တို့ အနားယူနေကြတဲ့ အတိုင်ပင်ခံဘိုးဘိုးနှစ်ယောက်နဲ့ တွေ့ပြီး အကြံဉာဏ်တောင်းကြည့်ရင် မကောင်းဘူးလား'

တုံးလွှေ မျက်နှာပျက်သွားသည်

'ဒါဆို ကျုပ်တို့ဟာ အသုံးမကျ အရာမဝင်တဲ့လူတွေ ဖြစ်သွားကြတော့မှာပေါ့'

'အို....သူတို့ဟာ နယ်စားကြီး ကွယ်လွန် သွားကတည်းက အနားယူလိုက်ကြတာမဟုတ်လား၊ တကယ်ဆိုရင် နယ်စားလေးကိုပစ်ထားလိုက်ကြသလိုဖြစ်နေတာပဲ၊ နယ်စားကြီးအသက်ရှင်လျက် ရှိနေသေးရင် ဘယ်လိုသဘောထားမလဲ'

စန်းစီးက မကျေမနပ် ပြောလေသည်၊

တုံးလွှေ ခေါင်းခါယမ်းလိုက်သည်၊

'ကျုပ်ကတော့သူတို့နှစ်ယောက်ကို အားမကိုးချင်ဘူး၊ သူတို့ဟာ တာဝန်မကျေတဲ့လူတွေပဲ'

အနားယူလိုက်ကြသော အတိုင်ပင်ခံ ဘိုးဘိုးနှစ်ယောက်အား မကျေမနပ်ဖြစ်နေကြောင်း ထင်ရှားပေါ်လွင် နေပါတော့သည်၊

စန်းစီးက လက်မခံပါ၊

'ကျုပ်ကတော့ သူတို့နှစ်ယောက်နဲ့ ဆွေးနွေးကြည့်ချင်သေးတယ်၊ သူတို့ဟာ ကျုပ်တို့မတွေးမိတာ တစ်ခုခုကို တွေးမိနိုင်တယ်၊ နယ်စားလေးကို မကူညီနိုင်ဘူးလို့ ဘယ်သူကမှ ပြောနိုင်မှာမဟုတ်ဘူး'

ကောင်းပြီလေ၊ ခင်ဗျား တွေ့ချင်တယ်ဆိုရင်လဲ သွားတွေ့ကြည့်ပေါ့ဗျာ'

စန်းစီးက အနားယူနေသောအတိုင်ပင်ခံဘိုးဘိုးနှစ်ယောက် အနက် နန်းကူးနှင့် ပေ့ကျိတို့ထံ သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်လေသည်။

သာယာလှပသော တောင်ကုန်းလေးပေါ်၌ ဘုံကျောင်းငယ်လေးတစ်ခု ရှိလေသည်။

စန်းစီးသည် ထိုဘုံကျောင်းလေးသို့ ရောက်ရှိလာပြီဖြစ်ပါသည်။

ဘုံကျောင်းလေးမှ ချိုလွင်သောဆည်းလည်းသံများ ဘုရားစာရွတ်ဖတ်သံများ လွင့်ပျံ့နေလေသည်။



စန်းစီးသည် ဘုံကျောင်းလေးသို့ ဦးတည်လာခဲ့ရင်း ဘုံကျောင်းလေး ဝဲဘက်တစ်နေရာ၌ တံမြက်စည်း လှဲနေသော ဘုန်းတော်ကြီးတစ်ပါးအား တွေ့လိုက်ရလေသည်။

စန်းစီး ဝမ်းသာသွားသည်။

သူလိုက်လံရှာဖွေနေသော ယခင်က အတိုင်းပင်ခံ ဘိုးဘိုးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ပေ့ကျိကို တွေ့လိုက်ရသည် မဟုတ်ပါလား။

ပေ့ကျိသည် နယ်စားကြီး ကွယ်လွန်သွားပြီးနောက် လူဝတ်ကြောင်ကိုစွန့်ကာ သာသနာ့ဘောင်ဝင်သွားပြီ ဖြစ်လေသည်။

စန်းစီးသည် ပေ့ကျိရှေ့သို့လှမ်းသွားပြီး ဦးညွတ်ဂါရဝပြုလိုက်လေသည်။

ပေ့ကျိက စန်းစီးကို တွေ့လိုက်ရသဖြင့် အံ့ဩသွားလေသည်။

'ဒကာကြီးစန်းစီး၊ ဘယ်က ဘယ်လို မျက်စိလည်လာတာလဲ....'

ဆီးကြိုနှုတ်ဆက်လိုက်လေသည်။

စန်းစီးက ဦးညွတ်လိုက်လေသည်။

'အရှင်ဘုရားဆီကိုပဲ လာခဲ့တာပေါ့'

'ခြောက်…ခြောက်'

ပေကျိသည် တံမြက်စည်းကို ဘေးချလိုက်သည်။

'မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်သို့ ခေါ်သွား၏။

သစ်ပင်အောက်၌ လေညှင်းခံအနားယူရန် ကျောက်စားပွဲနှင့် ကျောက်ထိုင်ခုံများ ရှိနေပါသည်။

'ထိုင်ပါ'

ပေကျိက နေရာထိုင်ခင်း ပေးလိုက်လေသည်။

စန်းစီးက ဂါရဝပြုလိုက်သည်။

'အရှင်ဘုရား နေ၊ထိုင်ရတာ ငြိမ်းချမ်းမှုရှိပါရဲ့လား'

'ရှိပါတယ်ဒကာကြီး၊ ကျုပ်က သာသနာ့ဘောင်ထဲမှာပဲ တစ်သက်လုံး နေသွားတော့မယ်လို့ စိတ်ကူးထားပါတယ်'

'ကောင်းပါတယ် ဆရာတော်'

'ဒါထက် ဒကာကြီး၊ ဘယ်လိုအကြောင်းကိစ္စနဲ့ လာခဲ့တယ်ဆိုတာ ကျုပ်ကိုပြောပါဦး'

စန်းစီးအား ပွင့်ပွင့်လင်းလင်းပင် မေးလေသည်။

စန်းစီးကလည်း ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

နယ်စားစံအိမ်မှာ ပြဿနာဖြစ်ပေါ်နေလို့ပါ ဆရာတော်'

ပေကျိက သက်ပြင်းချလိုက်လေသည်။



နယ်စားလေး ကျင်းလီသည် ခေါင်းမာသူ၊ စိတ်ဆတ်သူ၊ ထက်ရာစိုင်းသူအဖြစ် တစ်စထက်တစ်စ နာမည်ကြီးနေသည်မဟုတ်ပါလား။

'ဘယ်လိုပြဿနာတွေများ ဖြစ်ပေါ်နေတာလဲ၊ ပြောစမ်းပါဦး ဒကာလေး'

ပေကျိကမေးလိုက်သောအခါ စန်းစီးက အကျိုးအကြောင်း ရှင်းပြလိုက်ရသည်။

ပေကျိသည် စန်းစီး၏ စကားဆုံးအောင် နားထောင်ပြီးမှ ညည်းတွားလိုက်လေသည်။

'ဘယ်ခက်ပါလား၊ နယ်စားလေးအနေနဲ့ ဒီလို မလုပ်သင့်ဘူး'

'မှန်ပါတယ် ဆရာတော်၊ နယ်စားလေးရဲ့ လုပ်ရပ်တွေကို ဘုရင်မင်းမြတ်သာ သိသွားရင် နယ်စား အဆောင်အယောင်ကို ဖြုန်ပြီး ရုပ်သိမ်းသွားမှာပါပဲ၊ နယ်စားလေးကို ဖျောင်းဖျနိုင်မယ့် နည်းလမ်းရနိုင်မလားလို့ ဆရာတော်ဆီကိုလာခဲ့တာပါ'

ပေကျိ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ဘာမှ ပြောနိုင်မှာ မဟုတ်ပါဘူး'

'ဆရာတော်'

စန်းစီးက အားကိုးတကြီးခေါ်လိုက်လေသည်။

ပေကျိုက သက်ပြင်း ချလိုက်လေသည်၊

'ဒကာကြီး၊ ကျုပ်ဟာ လူ့ဝတ်ကြောင်ကို စွန့်လွှတ်ခဲ့ပါပြီ၊ ဒါကြောင့် ဘာမှ အကြံပေးနိုင်မှာ၊ ပြောပြနိုင်မှာမဟုတ်တော့ပါဘူး'

ပေကျိုက ခေါင်းခါယမ်းလိုက်လေသည်၊

'ဆရာတော်၊ နယ်စားလေးကို ဒီအတိုင်း ပစ်မထားသင့်ပါဘူး၊ နယ်စားလေးဟာ ချောက်ထဲကျတော့မယ့် အခြေအနေမှာ ရှိနေပါတယ်'

ပေကျိုမျက်နှာပျက်သွားလေသည်။

လူ့ဝတ်ကြောင်ကို စွန့်လွှတ်လိုက်ပြီဖြစ်သော်လည်း နယ်စားလေးအပေါ် သံယောဇဉ်မကုန်နိုင်သေးကြောင်း ထင်ရှားနေပါတော့သည်။

စန်းစီးက ဒ ခြေအနေကို စောင့်ကြည့်နေလိုက်လေသည်၊

ပေကျိုသည် အတန်ကြာအောင်ငိုင်နေပြီးမှ ပင့်သက်ရှိုက်လိုက်သည်၊

'နယ်စားလေးဟာ သူ့သဘောနဲ့သူ လုပ်ချင်ရာလုပ်တတ်တဲ့ သဘောကို ငယ်စဉ်ကတည်းကပဲ ကျုပ်ရိပ်မိခဲ့ပါတယ်၊ ဒါ ကြောင့် သူ့ကို နားပင်အောင်ပြောဖို့ခက်မယ်၊ တစ်ခုတော့ ရှိ



တယ်၊ အားလုံးစိုင်းပြီး ထိန်းထိန်းသိမ်းသိမ်းလုပ်ကြပါ၊ နယ်စားလေးဟာ ဒီလောက် အဆိုးကြီး မဟုတ်ပါဘူး၊ မကြာခင် စိတ်ပြန်လည်လာမှာပါ'

ဆရာတော်၊ ဒီထက်ပိုပြီး ဘာမှမပြောနိုင်တော့ဘူးလား'

စန်းစီး စောဒကတက်လိုက်ပေသည်။

ပေကျို ခေါင်းခါယမ်းလိုက်သည်၊

'နန်းကိုးဟာ ကျုပ်ထက်ပိုပြီး ကူညီနိုင်မှာပါ၊ သူ့ဆီကို သွားတာအကောင်းဆုံး ဖြစ်ပါလိမ့်မယ်'

စန်းစီး သက်ပြင်းချလိုက်သည်။

'ကောင်းပါပြီ ဆရာတော်၊ တပည့်တော် နန်းကိုးနဲ့ သွားတွေ့လိုက်ပါ့မယ်'

မတတ်သာသည့်အဆုံး ပေကျိုဆရာတော်အားနှုတ်ဆက်ကာ စန်းစီးထွက်လာခဲ့ရလေတော့သည်။

လေပွေ့ယမ်း တိုက်ခတ်လာသောအခါ ဆောင်းနံ့များလွင့်ပျံ့လာလေသည်။

စန်းစီး စိတ်မကောင်း ဖြစ်သွားပေသည်။

အတိုင်ပင်ခံဘိုးဘိုးအဖြစ်မှ အနားယူသွားသော နန်းကိုး နေထိုင်မကောင်း ဖြစ်နေသည်မှာ အတော်ကြာသွားပြီ ဖြစ်သည်။

နန်းကိုးအား ဆွေမျိုး သားချင်းများက ကာယ်တင်စောင့်ရှောက်ထားကြလေသည်။

ပေကျိုးဆောက်လှာသည် ဟူသောသတင်းကြားသည်နှင့် နန်းကိုးကလက်ခံတွေ့ဆုံရန် သဘောတူလေသည်။

ကိုယ်တိုင်လည်း ဘီးတပ် ကုလားထိုင်ပေါ်၌ထိုင်ကာ တ သားတစ်ယောက်ကို တွန်းစေကာ ဧည့်ခန်းသို့ ကိုယ်တိုင်ထွက်လာကာကြိုဆိုလေသည်။

စန်းစီး အားတုံ့အားနာ ဖြစ်သွားလေ၏။

'မိတ်ဆွေကြီး နေမကောင်းဘာဘဲဗျာ၊ ကိုယ်တိုင်ထွက်လာစရာမလိုပါဘူး၊ ကျုပ်လာတွေ့မှာပေါ့ဗျာ'

နန်းကိုးက ရယ်မောလိုက်လေသည်။

'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်ကလဲ မိတ်ဆွေတွေကို မတွေ့ရတာကြာတာနဲ့ တွေ့ချင်နေတာပါ'



စန်းစီး ပိုပြီးစိတ်မကောင်း ဖြစ်သွားလေသည်။

'ကျုပ်က လာတွေ့ချင်ပါတယ်၊ ဒါပေမယ့် နယ်စားကြီး မရှိတော့တဲ့ နောက်ပိုင်းမှာ..'

သူ၏စကားမဆုံးမီ နန်းကိုးက လက်ကာပြလိုက်လေတော့သည်။

'နယ်စားလေးရဲ့ အကြောင်းတွေကို ကျုပ် ကြားပြီးပါပြီ၊ အခြေအနေက အတော့်ကိုဆိုးတာပဲ'

'ဟုတ်ပါတယ်ဗျာ၊ ဒါကြောင့် နယ်စားလေးနဲ့ ပက်သက်ပြီး ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ မိတ်ဆွေဆီကိုလာပြီးအကြံဉာဏ်တောင်းတာပါ'

'ပြော'

စန်းစီးက ညည်းတွားလိုက်လေသည်။

'ကျင်းလီဟာ ကိုယ့်သခင်နဲ့ကိုယ် လုပ်ချင်ရာလျှောက်လုပ်နေတော့ ကြာရင်နယ်စားရာထူး ရုပ်သိမ်းခံရတော့မှာ စိုးရိမ်နေရတယ်'

နန်းကိုး ခေါင်းညိတ်သည်။

'ဘုရင်မင်းမြတ်ပေးတဲ့တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်ဘူးဆိုရင် ရာထူးကက ရပ်စဲခံရမှာပဲ၊ ဒါဆို ဘယ်သူနယ်စားကြီး ဖြစ်လာနိုင်မလဲ'

စန်းစီး အံ့ဩသွားလေသည်။

'ဒီကိစ္စကို ကျုပ်တစ်ခါမှ မစဉ်းစားမိဘူး၊ ဟုတ်တယ်၊ နယ်စားလေးကို တာဝန်ကရပ်စဲလိုက်ရင် ဘယ်သူနယ်စား ဖြစ်လာမလဲ....'

နန်းကုံး ပြုံးလိုက်သည်။

'ဘယ်သူရှိမလဲ၊ ကျင်း မြို့စားဖြစ်လာမှာပေါ့

ကျင်း မြို့စား'

'ဟုတ်တယ်'

စန်းစီး မျက်မှောင်ကြုတ်သွားသည်။

'ကျင်း မြို့စားဟာ လူချီးမွမ်းခံရတဲ့ လူတစ်ယောက်ပါ၊ သူဟာနယ်စားကြီး အရိုက်အရာကို ဆက်ခံနိုင်မယ်လို့ လူတိုင်းထင်ကြေးပေးခဲ့ကြတာပဲ၊ ဒါပေမယ့် ကျင်းလီကို ဖခင်ရဲ့အရိုက်အရာဆက်ခံသင့်တယ်လို့ ထောက်ခံသူတွေထဲမှာ ကျင်းမြို့စားက ရှေ့ဆုံးကပါခဲ့တာပဲ'

နန်းကုံး ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်၊ သူ ထောက်ခံခဲ့လို့လဲ နယ်စားလေးဟာ ချွတ်ယွင်းချက်မရှိဘဲ ဖခင်ရဲ့အရိုက်အရာကို ဆက်ခံနိုင်ခဲ့တာပဲ၊ ဒါပေမယ့် နယ်စားလေးလို ထင်ရာစိုင်းနေပုံမျိုးနဲ့ဆိုရင် နောက်ပိုင်းမှာ တောင်ပိုင်းဒေသမှာရှိတဲ့ မြို့စားရွာစားတွေက ကျင်းမြို့စားကို ပြောင်းလဲထောက်ခံကြလိမ့်မယ်၊ နယ်စားလေး ဒုက္ခရောက်သွားမှာ အသေအချာပဲ'

စန်းစီး အံကြိတ်လိုက်သည်။

'ကျုပ်က ဒီအဖြစ်မျိုးတော့ အရောက်ခံနိုင်မှာမဟုတ်ဘူး၊ နယ်စားလေးကို ဖျောင်းဖျနားချသွားရမှာပါပဲ၊ မိတ်ဆွေကြီးလဲ ဝိုင်းဝန်းအကြံဉာဏ်ပေးဖို့ မေတ္တာရပ်ခံပါတယ်ဗျာ'

နန်းကုန်း သက်ပြင်းချလိုက်သည်။

'ကျုပ်ပြောနိုင်တာ တစ်ခုပဲရှိတယ်၊ နယ်စားကြီး ရှိစဉ်က ရည်ရွယ်ထားတဲ့အတိုင်း နယ်စားလေးကို အိမ်ထောင်ချပေးလိုက်ဖို့ပါပဲ'

'ဟင်'

စန်းစီး အံ့ဩသွားပြန်လေသည်။

'နယ်စားလေးကို အိမ်ထောင်ချပေးလိုက်ရမယ် ဟုတ်လား'

'ဟုတ်တယ်၊ နယ်စားကြီး ရှိစဉ်က ပန်းတောင်ကုန်းက သခင်မလေးနဲ့ လက်ဆက်ပေးမယ်လို့ ရည်ရွယ်ထားတယ်၊ အဲဒီအချိန်က နယ်စားလေးဟာ ငယ်ရွယ်သေးတာမို့ မစီစဉ်ဖြစ်ခဲ့

တာပဲ၊ ပန်းတောင်ကုန်းပိုင်ရှင်ကလဲ နယ်စားလေးဆိုရင် ငြင်းမှာမဟုတ်ပါဘူး'

စန်းစီ ပြုံးလိုက်သည်။

'မိတ်ဆွေပေးတဲ့အကြံ ကောင်းပါတယ်၊ ဒါပေမယ့် ခုချိန်မှာတော့ နယ်စားလေးဟာ ထင်ရာစိုင်းနေတာ၊ သူ့ကို အိမ်ထောင်ချပေးဖို့ဆိုတာ စိတ်ကူးယဉ်သလို ဖြစ်နေမှာပါ'

နန်းကုံး ခေါင်းညိတ်လိုက်သည်၊

'ဟုတ်တယ်၊ ကျုပ်က ကြိုတင်သတိပြုနိုင်အောင် ပြောတာပါ၊ မင်းသားလေးဟာ ဉာဏ်ကောင်းပါတယ်၊ လိမ္မာပါးနပ်ပါတယ်၊ သူဟာ အချိန်တန်ရင် ပြန်လာပါလိမ့်မယ်၊ အဲဒီအချိန်မှာ အိမ်ထောင်ချပေးနိုင်လိုက်မယ်ဆိုရင် တစ်သက်လုံး ခြေငြိမ်သွားမှာ သေချာပါတယ်'

'ကောင်းပါပြီ၊ ကျုပ် မှတ်ထားလိုက်ပါမယ်ဗျာ၊ ဒါထက် ခုချိန်မှာ နယ်စားလေးကို ထိန်းသိမ်းနိုင်မယ့် တခြားနည်းလမ်း တစ်ခုခုများ ရှိနိုင်ဦးမလားဗျာ'

ပေ့ကျိက အားမလျော့သေးဘဲ မေးသည်။

နန်းကုန်း ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ်လဲ မပြောတတ်တော့ပါဘူးဗျာ'

ပေ့ကျိ ပင့်သက်ရှိုက်လိုက်ရလေတော့သည်။



ပေ့ကျိ ပြန်သွားပြီ ဖြစ်သည်။

နယ်စားလေးအား နားသွင်းဖျောင်းဖျနိုင်ရန် အကြံဉာဏ်များကို လိုက်လံရယူခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။

နယ်စားလေးအား သည်အတိုင်းလွှတ်ထားလိုက်ရမလို ဖြစ်နေရကား အကြီးအကျယ် စိတ်ပျက်သွားလေတော့သည်။

ပေ့ကျိ ထွက်သွားပြီးလျှင် နန်းကုန်းက လူတစ်ယောက်ကို ခေါ်ယူလိုက်လေသည်

'ကျွန်တော် ရှိကျူး ရောက်လာပါပြီ၊ အမိန့်ရှိပါ ဘိုးဘိုး'

ရှိကျူးသည် နန်းကုန်း၏မြေး ဖြစ်လေသည်၊

နန်းကုံးက ရှိကျူးအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီးမှ သဘောကျစွာ ပြုံးလိုက်လေသည်။

'ရှိကျူး၊ မင်းဟာ ဉာဏ်ကောင်းတဲ့အပြင် သိုင်းပညာ အတော်ဆုံးပဲ၊ ငါ့မြေးတွေထဲမှာ မင်းကို ငါ အားအကိုးဆုံးပဲ'

မှန်ပေသည်၊

ရှိကျူးသည် ရှောင်လင်ကျောင်းကြီး၌ သိုင်းပညာများ သွားရောက်သင်ကြားခဲ့သူ ဖြစ်ပြီး ကလားအလာရှိသော သိုင်းသမားလူရွယ်တစ်ယောက် ဖြစ်လေသည်။

ရှိကျူးသည် မကြာသေးမီကမှ တောင်ပိုင်းဒေသသို့ ပြန်လာခဲ့သူ ဖြစ်သည်။

နန်းကုံး၏ မြေးဖြစ်ကြောင်း သိသူလည်း နည်းပါးလေသည်။

'ရှိကျူး၊ မင်းကို တောင်ပိုင်းပြန်လာဖို့ ငါခေါ်လိုက်ရတာ အရေးကြီးတဲ့ တာဝန်တစ်ခု ပေးချင်လို့ပဲ'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ ဘိုးဘိုး'

'နယ်စားလေးဟာ ကိုယ့်သဘောနဲ့ကိုယ် ထင်ရာစိုင်းနေတဲ့ အချိန်မှာ တစ်ယောက်ယောက်က နယ်စားလေးရဲ့ ရာထူးကို လုမယူဘူးလို့ ဘယ်သူမှမပြောနိုင်ဘူး၊ သည်တော့ မင်းဟာ နယ်စားလေးရဲ့ ရာထူးကို လုယူဖို့ကြံစည်ကြိုးစားနေသူတွေကို ဖော်ထုတ်ရလိမ့်မယ်'

ရှိကျူးအံ့သြသွားလေသည်။

မမျှော်လင့်ဘဲ အလွန်အရေးကြီးသောတာဝန် ထမ်းဆောင်ရတော့မည်ဖြစ်ကြောင်း သိလိုက်ရသည် မဟုတ်ပါလား။

နန်းကုံးကဆက်ပြော၏။

'တောင်ပိုင်းနယ်မှာ ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်ကြီးတစ်ခုဖြစ်ပွားသွားခဲ့တယ်၊ ဒါကို သိတဲ့လူနည်းတယ်၊ ငါ ဘာကြောင့် အတိုင်ပင်ခံဘိုးဘိုးဘဝက အနားယူလိုက်တယ်ဆိုတာကော မင်းသိသလား'

ရှိကျူးက....



'ဘိုးဘိုးဟာ ကျန်းမာရေးမကောင်းလို့ အနားယူလိုက်တာ မဟုတ်လားခင်ဗျာ'

နန်းကုံးက ခေါင်းခါယမ်းလိုက်သည်။

'ငါကျန်းမာရေးမကောင်းတာထက် တာဝန်ကို ဆက်ပြီး မထမ်းဆောင်နိုင်တော့လို့ပဲ'

ရှိကျူးကြောင်အမ်းအမ်းဖြစ်သွားလေသည်။

နန်းကုံး၏စကားကို နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

နန်းကုံးက ဆက်ပြောလိုက်လေသည်။

'တောင်ပိုင်းနယ်စားကြီး ဘာကြောင့် ကွယ်လွန်သွားရတာလဲဆိုတာ ငါကလွဲပြီး ဘယ်သူမှသိကြမှာမဟုတ်ဘူး။ ငါကော ဘာကြောင့် ကျန်းမာရေးထိခိုက်ခဲ့ရသလဲ'

ရှိကျူး ဘာမှမပြောပါ။

နန်းကုံး ဆက်ပြောလာမည့် စကားကိုသာ နားစွင့်နေလိုက်သည်။

နန်းကုံးက ဆက်ပြောလိုက်သည်။

'နယ်စားကြီးဟာ မမျှော်လင့်ဘဲ အဆိပ် ခပ်လုပ်ကြံခံလိုက်ရတာပဲ၊ နယ်စားကြီးနဲ့အတူ ငါလဲ အဆိပ်မိခဲ့တယ်၊ ငါဟာ ကံကောင်းထောက်မပြီး အသက်ဘေးက လွတ်မြောက်လာခဲ့ရပေမယ့် နယ်စားကြီးကတော့ ကွယ်လွန်သွားခဲ့တယ်'

'ဟာ'

ရှိကျူး လွှတ်ခနဲအော်လိုက်လေသည်။

နယ်စားကြီးမှာ အဆိပ်ခပ်ခံရကာ လုပ်ကြံခံခဲ့ရခြင်းဖြစ်ကြောင်းသိလိုက်ရသည် မဟုတ်ပါလား။

နယ်စားကြီးအား မည်သူက အဆိပ်ခပ် လုပ်ကြံလိုက်ပါသနည်း။

ရှိကျူး ခံပြင်းလာလေသည်

'နယ်စားကြီးနဲ့ဘိုးဘိုးကိုဘယ်သူက အဆိပ်ခတ်လုပ်ကြံလိုက်တာလဲဆိုတာ ပြောပြပါလား၊ လူယုတ်မာကို ကျွန်တော် ချေမှုန်းသုတ်သင်ပါရစေ'

ရှိကျူး ဦးညွှတ်တောင်းပန်လိုက်လေသည်။

နန်းကုံး လှက်ကာပြလိုက်လေသည်။

'နေဦး၊ မင်း လောမကြီးနဲ့ဦး၊ ငါ့စကားကို ဆုံးအောင်နားထောင်'

'ဟုတ်ကဲ့၊ ပြောပါ ဘိုးဘိုး'

'နယ်စားကြီးဟာ ကျင်းမြို့စားရဲ့ဖိတ်ကြားချက်အရ အလည်အပတ်သွားခဲ့တယ်၊ ငါလဲလိုက်သွားခဲ့တယ်၊ ကျင်းမြို့စားဆီက အပြန်လမ်းမှာ မိုးသက်လေပြင်းကျရောက်လာတာနဲ့ လမ်းဘေးကဘုံကျောင်းပျက်တစ်ခုထဲမှာ ဝင်နားခဲ့ကြရတယ်၊ ဘုံကျောင်းထဲမှာ တစ်ညလုံးနေခဲ့ရတယ်၊ အဲဒီမှာ မွှေးကြိုင်တဲ့အနံ့တွေရခဲ့တယ်၊ နောက်ပိုင်းမှ အဆိပ်မိခဲ့တယ်ဆိုတာကိုသိခဲ့ရတာပဲ'



ရှိကျူးမနေနိုင်ဘဲ မေးလိုက်လေသည်။

'နယ်စားကြီးဟာပြိုင်ဘက်ကင်းသိုင်းသမားကြီးတစ်ယောက်လို့သိပေါ်တယ်၊ ဘုံကျောင်းပျက်မှာ အဆိပ်ငွေ့ရှူရှိုက်မိတာကို မသိဘူးလား'

နန်းကုံးခေါင်းခါယမ်းလိုက်သည်။

'ငါတို့ဟာ ခရီးကလဲပန်း၊ မိုးလေကြားထဲက ဖြတ်သန်းလာခဲ့ရတယ်ဆိုတော့ ပင်ပန်းပြီး ညသန်းခေါင်အချိန်မှာ အိပ်ပျော်သွားခဲ့ကြတယ်၊ ငါတို့ အိပ်ရာကနိုးလာတော့ အမွှေးတိုင်နံ့ကိုရတယ်၊ ဘယ်သူက အမွှေးတိုင်လာထွန်းသလဲမသိဘူး၊ ငါတို့ အဆိပ်မိသွားပြီဆိုတာ အဲဒီတော့မှ သိလိုက်ရတယ်'

ရှိကျူးက မေးပြန်သည်။

'ဒီကိစ္စကို ဘယ်သူမှမသိဘူး ဟုတ်လား'

'နယ်စားကြီးကိုယ်တိုင် ဘယ်သူ့ကိုမှမပြောရဘူးလို့ ပိတ်ပင်ထားခဲ့တယ်၊ နယ်စားနဲ့ငါဟာ ကျိတ်ပြီး ဆေးကုခဲ့ကြပေမယ့် နောက်ဆုံးနယ်စားကြီးဟာမကျန်းမာဘဲ တရှောင်ရှောင်ဖြစ်ပြီး ကွယ်လွန်သွားခဲ့တာပဲ'

နန်းကုံး၏ မျက်နှာတွင် ဝမ်းနည်း ကြေကွဲသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာသည်။

'ဒီကီစ္စကို ဒါပထမဆုံးအကြိမ် ဖွင့်ပြောခဲ့တာပဲ၊ မင်း မှတ်ထားပါ၊ နယ်စားကြီးကတော့ ကျွင်းမြို့စားရဲ့ လက်ချက်လို့ ယုံကြည်ထားတယ်၊ မင်းဟာ ကျွင်းမြို့စားကိုစောင့်ကြည့်ဖို့ တာဝန်ယူရမယ်'

'စိတ်ချပါ ဘိုးဘိုး'

'ကဲ....ခချိန်ကစပြီး မင်းခရီးထွက်ဖို့ပြင်ပေတော့'

ရှိကျူးက ဦးညွတ်လိုက်လေသည်၊

## ခြေကျွံမိသည်၊

'ခွပ် ခွပ် ခွပ်'

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေလေသည်။

မြင်းလှည်း တစ်စီးသည် တောလမ်းအတိုင်း ခရီးနှင်နေသည်၊

မြင်းလှည်းမောင်းလာသူကား တောင်ပိုင်း နယ်စားလေး ကျွင်းလီဖြစ်ပါသည်၊

ကျွင်းလီသည် ခက်ထန်သော မျက်နှာထားရှိနေပြီး မြင်းလှည်းကိုအာရုံစိုက်ကာ မောင်းနှင်နေသည်၊

စုံစုသည် သူ့အား မလိုလားကြောင်း သိထားပြီးနောက် အချယူရန် ဆုံးဖြတ်ခဲ့လေသည်။

နဂိုကပင် ခက်ထန်ပြီးမာနကြီးသောကျောင်းလီသည် ပို၍ခက်ထန်သွားသည် ထင်ရလေသည်။

မြင်းလှည်းကို မောင်းနှင်လာရင်း တောလမ်းတစ်နေရာသို့ ရောက်လာလျှင် ထူးခြားမှုတစ်ခုနှင့် ကြုံတွေ့လိုက်ရလေတော့သည်။

ချုံလှုပ်သာယာသော ပလွေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်'

ကျောင်းလီ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ချက်ချင်းပင် မြင်းများကို အော်ငေါက်ကာ မြင်းလှည်းကို ရပ်တန့်လိုက်သည်။

'ဟီး....ဟီး....ဟီး'

မြင်းနှစ်ကောင်သည်ရှည်လျားစွာ ဟီကာ ရပ်တန့်သွားကြလေသည်။

ကျောင်းလီက မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

ပလွေသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်ကာ လက်နှစ်ဖက်ဆုပ်လိုက်လေသည်။



'မိတ်ဆွေ ကျေးဇူးပြုပြီးထွက်လာခဲ့ပါဗျာ'

သူကပုံမှန်အတိုင်း ပြောလိုက်ခြင်းဖြစ်သော်လည်း အတွင်းအားကို အသုံးပြုထားသဖြင့် သူ၏အသံကို အဝေးမှပင်ကြားနိုင်ပါတော့သည်။

ကျောင်းလီ၏စကားသံနှင့် မရှေးမနှောင်း မှာပင်....

'ဟား ဟား ဟား'

ရယ်မောသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

သစ်ပင်တစ်ပင် နောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်ရလေသည်။

ထိုလူမှာ ကျောင်းလီနှင့် တွေ့ဆုံခဲ့သော ပလွေသံရှင် ဖြစ်လေသည်။

ပလွေရှင်သည် ကျောင်းလီနှင့် မလှမ်းမကမ်းတွင် ခြေလှမ်းရပ်လိုက်လေသည်။

ကျောင်းလီပြုံးလိုက်သည်။

'ခင်ဗျားရဲ့ပလွေသံ တော်တော်နားထောင်လို့ ကောင်းတာပဲ၊ ဒါပေမယ့် ကျုပ်အတွက် မလိုတော့ဘူးဗျာ'

ပလွေရှင်က ရယ်မောလိုက်လေသည်။

'ဘာလဲ၊ ခင်ဗျားက ပလွေမှုတ်ပြမယ့် လူတစ်ယောက်ကို ရထားပြီလို့ထင်တယ်'

'ဒါ အမှန်ပဲ'။

'ချူးကျန့်သခင်မလေးနဲ့ပတ်သက်ပြီး ဘုတ်အော်သောင်းနင်း ဖြစ်နေပြီ'

'ဟား ဟား ဟား'

ကျင်းလီက ရယ်မောလိုက်လေသည်။

'ချူးကျန်း သခင်မလေးရဲ့ပလေ့သံကို ကျုပ်က သဘောကျပါတယ်၊ သူ့ကို လက်ထပ်ယူမယ်လို့လဲ ဆုံးဖြတ်ထားတယ်လေ'

'မိတ်ဆွေ ရူးနေပြီထင်တယ်'

'ဘာပြောတယ်'

'ချူးကျန့်သခင်မလေးဟာ သူ့ရဲ့ကောင်း လုထင်းနဲ့ လက်ထပ်ဖို့ စီစဉ်ထားတယ်ဆိုတာ လူတိုင်း သိကြတာပဲ၊ သူတို့နှစ်ယောက်ဟာ ချစ်သူတွေလဲဖြစ်ကြတယ်'

ကျင်းလီက ထပ်မံရယ်မောလိုက်လေသည်။

'ကျုပ်က ဘာကိုမှ ဂရုမစိုက်ဘူးဆိုရင်ကော'

'မိတ်ဆွေ ဒုက္ခရောက်သွားမှာပေါ့'

'ကျုပ် ဒုက္ခရောက်ရမယ်ဟုတ်လား'

'ဟုတ်တယ်၊ သူ့ရဲ့ကောင်းလေး လုထင်းဟာ ခေတ္တဲ့လူမဟုတ်တာ'

'သူ့ကို ဘယ်သူက အထင်ကြီးကြီး ကျုပ်ကတော့ အထင်မကြီးဘူး'



ကျင်းလီ အံကြိတ်ကာ ပြောလိုက်လေသည်။

ချူးကျန်းဂိုဏ်းမှ ကျောက်တုံးကြီးပေါ်၌ စိုက်ဝင်နေသောဓားအား သူက တစ်ဝက်တစ်ပျက်သာ ဆွဲနုတ်နိုင်ခဲ့သော်လည်း လုထင်းက ဓားတစ်ချောင်းလုံး ဆွဲနုတ်နိုင်ခဲ့သည်။

ထို့အတွက်ကြောင့် လူပုံအလယ်တွင် အရှက်ကွဲခဲ့ရသည် မဟုတ်ပါလား။

ကျင်းလီအတွက် လုထင်းသည် မဟာရန်သူတော်ကြီးတစ်ဦး ဖြစ်နေပါတော့သည်။

ပလေ့ရှင်က....

'လုထင်းက ခင်ဗျားကိုမြေလှန်ပြီး ရှာနေတယ်၊ ခင်ဗျား သတိထားဖို့တော့ လိုလိမ့်မယ်'

'တောက်....'

ကျင်းလီ ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

'လုထင်း ဘယ်မှာလဲ'

'သူက ခင်ဗျားနောက်ကို လိုက်လာနေပြီ'

'ကောင်းပြီ၊ ကျုပ်ကလဲ သူ့ကိုတွေ့ချင်ပါသေးတယ်ဗျာ'

'ဒါဖြင့် ဘာကြောင့် ထွက်ပြေးဖို့ကြံစည်နေရတာလဲ ပြောစမ်းပါဦး'

'ဘာပြောတယ်'

'လုထင်းက ခင်ဗျားကို လိုက်ရှာနေပြီလေ'

'သူလိုက်ရှာနေတော့ ကာ ကျုပ်က ကြောက်ရမှာလား'

'ခင်ဗျား မကြောက်ဘူးဆိုရင် ဘာကြောင့် ထွက်ပြေးဖို့ ကြံစည်နေရတာလဲ'

'ကျုပ် ဘယ်တော့မှ ထွက်မပြေးဘူး'

'ဟား ဟား ဟား'

ပလေ့ရှင်က ဟားတိုက်ရယ်မောလိုက်လေသည်။

ကျင်းလီ ဒေါသထွက်သွားလေသည်။

'သေဖို့သာ'

အော်ဟစ်ရင်း ပလေ့ရှင်ထံသို့ ပြေးဝင် တိုက်ခိုက်လိုက်သည်။

ပလေ့ရှင်က ခုခံတိုက်ခိုက်ခြင်း မပြုပါချေ။

ဟားတိုက်ရယ်မောကာ နောက်သို့ခုန်ဆုတ်ပြီး တောအုပ်အတွင်းသို့ ပြေးဝင်သွားလေသည်။

'မပြေးနဲ့'

ကျင်းလီက ဒေါသတကြီး အော်ဟစ်ကာ ပြေးလိုက်သွားသော်လည်း ပလေ့ရှင်ကို မမီတော့ပါ'

ပလေ့ရှင်သည် သစ်ပင်များကြားသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။



'တောက်'

ကျင်းလီ ဒေါသတကြီးဖြစ်နေသည်၊

ပလေ့ရှင်အား ပျောက်ချင်းမလှ ပျောက်သွားပြီ ဖြစ်ပါသည်၊

ကျင်းလီ ခံပြင်းဒေါသထွက်နေစဉ် ရယ်မောသံထွက်ပေါ်လာသည်၊

မြင်းလှည်းအိမ်ထဲမှ ဖြစ်လေသည်၊

'ဝုန်း'

ကျင်းလီက မြင်းလှည်း တံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်လေသည်၊

ထိုအခါ သဘောကျ ရယ်မောနေသော စုစုကိုတွေ့လိုက်ရသည်။

'မင်း ဘာရယ်နေတာလဲ'

ကျင်းလီက ဟောက်လိုက်သောအခါ စုစု ပခုံးတွန့်လိုက်သည်၊

'သဘောကျလို့ပေါ့ရှင်'

'မင်း'

'ရှင်ဟာ.... သူ့ရဲ့ကောင်း တစ်ယောက်လို့ ထင်ရပေမယ်.... တကယ်တော့ ရှင်ဟာ သူရဲဘောကြောင်တဲ့လူ၊ ကြောက်တတ်တဲ့ လူတစ်ယောက်ကိုး'

'မင်းပါ ဆွဲပစ်လိုက်စမ်း'

စုစုခေါင်းခါယမ်းလိုက်သည်။

'မပိတ်နိုင်ဘူး၊ ရှင် မကျေနပ်ရင် ကျွန်မကို သတ်ပစ်လိုက်စမ်းပါ'

'မင်း....မင်း'

'အခု ကျွန်မရဲ့ ချစ်သူ ဧစ်ကိုလုထင်း လိုက်လာပြီလေ၊ ရှင် ကြောက်လို့ ထွက်ပြေးနေပြီ မဟုတ်လား'

ကျင်းလီ စိတ်မထိန်းနိုင်တော့ပါ၊

'လောကပေါ်မှာ ငါ ကြောက်ရမယ့်သူ မရှိဘူးကွ'

အော်ပြောရင်း အနီးရှိသစ်ပင်ကြီးတစ်ပင်ဆီသို့ လက်ဝါးရိုက်ထုတ်လိုက်လေသည်။

'ဒုန်း'

ကျယ်လောင်သောအသံထွက်ပေါ်လာလေသည်။

သစ်ပင်ကြီး ထက်ပိုင်းကျိုးကျသွားတော့သည်။

ကျင်းလီကား ဒေါသကြောင့် ရှူးရှူးရှားရှားဖြစ်နေပါသည်၊

'လုထင်းကို ငါကိုယ်တိုင်သတ်ပစ်မယ် မှတ်ထား'

စုစုသည် ကြောက်လန့်ခြင်း မရှိသည့်အပြင် ရယ်မောလိုက်လေသည်၊

'ရှင်က အပြောကြီးတုန်းပဲလား၊ ဒါဖြင့် ဘာကြောင့်ထွက်ပြေးနေတာလဲ'

'ကျုပ် ဘယ်တော့မှ ထွက်မပြေးဘူး'

'အင်းလေ....စောင့်ကြည့်ရသေးတာပေါ့'



'စိတ်ချ....မင်းရဲ့ရှေ့မှာ လုထင်းကို ငါ ခေါင်းဖြတ်ပြမယ်'

စကားဆုံးလျှင် ကျင်းလီသည် မြင်းလှည်းတံခါးကို ဝုန်းခနဲ မြည်အောင် ဆောင့်ပိတ်ပစ်လိုက်လေသည်။

ထို့နောက်၊ မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်လေသည်။

ချက်ချင်းပင် မြင်းလှည်းကို နောက်ကြောင်း လှည့်ကာ မောင်းနှင်သွားလေသည်။

'ခွပ်....ခွပ်....ခွပ်'

'ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်လာလေသည်၊

ကျင်းလီသည် တောင်ပိုင်းသို့ ပြန်ရန် စိတ်မကူးတော့ပါ၊ လုထင်း သတ္တိကောင်းသူ ဖြစ်ကြောင်း လက်တွေ့ပြသရန် နောက်ကြောင်း ပြန်လှည့်သွားပြီ ဖြစ်လေသည်၊

တောင်ပိုင်းနယ်သည် ကျင်းလီအတွက် လက်ညှိုးညွှန်ရာရေ ဖြစ်စေသော အချုပ်ဒေသဖြစ်လေသည်၊

ချူးကျန့်ဂိုဏ်းကြီးစိုးထားသော နယ်မြေဆီသို့ ကျင်းလီက နောက်ကြောင်း ပြန်လှည့်လိုက်ကား ရန်သူနယ်မြေထဲသို့ ခြေကျ မိသည်နှင့် တူလှပေတော့သည်၊

'ခွပ်....ခွပ်....ခွပ်'
'ခွပ်....ခွပ်....ခွပ်'
မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်နေသည်။

ကျင်းလီက မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင်လေသည်၊

ရုတ်တရက်....

'အား'
'အင့်'
'အမယ်လေး'
'သေပါပြီဗျ'

အဝေး မှစူးရှသော အော်တစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကျင်းလီ သည် မြင်းလှည်းပေါ်မှ ရိပ်ခနဲခုန်ထွက်သွားရာ အော်ဟစ်သံများ ထွက်ပေါ်လာသည့်နေရာဆီသို့ ရိပ်ခနဲရောက်ရှိသွားလေတော့သည်။

မြေပေါ်တွင် လူသေအလောင်းများ ပြန့်ကျဲနေလေသည်၊

ကျိုးပဲ့နေသော ခြေ လက်နက်များကလည်း ပြန့်ကျဲနေ၏။

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း ထင်ရှားနေပါသည်။



ထိုသေဆုံးနေသူများသည် မည်သူ၏လက်ချက်ကြောင့်ဖြစ်ပါသနည်း။

လူသတ်သမားသည် တစ်ယောက်မျှ အသက်ရှင်မကျန်ရလေအောင် ရက်ရက်စက်စက် တိုက်ခိုက်သွားခဲ့ခြင်း ဖြစ်လေသည်။

ကျင်းလီသည် သေဆုံးနေသူတို့၏ ဒဏ်ရာဒဏ်ချက်များကို ကြည့်ကာ မျက်နှာပျက်သွားလေသည်။

ချက်ချင်း မြေပေါ် ခြေဆောင့်ကာ တက်ခေါက်လိုက်လေသည်။

'တောက်....ဘာလုပ်နေကြတာလဲ ထွက်ခဲ့စမ်း'

ဒေါသတကြီး အော်ပြောလိုက်လေသည်၊

သူ၏အသံနှင့်မဝေးမနီးတွင် သစ်ပင်များကြားမှ လူတစ်ယောက် ထွက်ပေါ်လာလေသည်။

ထိုလူမှာ အနက်ရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူ ဖြစ်လေသည်။

ထိုလူသည် ကျင်းလီနှင့် မလှမ်းမကမ်းတွင်ရပ်ကာ မြေပေါ်ဒူးထောက်ချလိုက်လေသည်။

ကျင်းလီ၏မျက်နှာ ပို၍ခက်ထန် မာကျောသွားလေတော့သည်။

'လက်စသပ်တော့ ခင်ဗျားကိုး၊ ကျုပ်ကို နောက်ယောင်ခံလိုက်လာကြတာ ဟုတ်လား'

ထိုအနက်ရောင်ဝတ်ဆင်ထားသူကား ကောင်ပိုင်းနယ်စား၏အိမ်ရှိ အဆောင်ကိုင်လေးယောက်အနက်မှ အမှတ်လေးအဆောင်ကိုင် စမ်းစုဖြစ်လေသည်။

အဆောင်ကိုင်လေးယောက်သည် မိမိနောက်သို့ လိုက်လံစောင့်ရှောက်နေခြင်း ဖြစ်ကြောင်းလည်း ကျင်းလီ သဘောပေါက်လိုက်သည်။

ကျင်းလီ၏မျက်နှာ ခက်ထန် တင်းမာနေသည်။

'ကျုပ်နောက်ကို တကောက်ကောက် လိုက်နေရမယ်လို့ ခင်ဗျားတို့ကို ဘယ်သူက အမိန့်ပေးထားသလဲ ပြောပါ'

ခပ်ပြတ်ပြတ် မေးလိုက်သည်။

ဝမ်းစု ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်တို့ဟာ နယ်စားလေးအတွက် အသက်ရှင် နေကြတာပါ၊ နယ်စားလေးအတွက် ကျုပ်တို့အသက်ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီးသားပဲ'

'ဩော်....'

ကျင်းလီ မဲ့ပြုံးပြုံးလိုက်သည်။

'ကောင်းပြီ၊ ခင်ဗျားဒီလိုသဘောထားတယ်ဆိုရင် ကျုပ်အမိန့်ပေးမယ်၊ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်ပါ'



ဝမ်းစု၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်၊

'နယ်စားလေးရဲ့ အမိန့်အတိုင်းပါ'

စကားဆုံးလျှင် ခါးမှဓားကိုဆွဲထုတ်ကာ ရင်ဝ၌ပြန်လည်ထိုးစိုက်ချရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ရပ်လိုက်'

ဟန့်တားသံများ ထွက်ပေါ်လာလေသည်။

'ဟူး ဟူး ဟူး'

အဝတ်အစား လေတိုးသံများနှင့်အတူ လူရိပ်သုံးခု ပြေးထွက်ရောက်ရှိလာကြသည်ကို တွေ့လိုက်ရသည်။

ထိုလူသုံးယောက်သည်လည်း အနက်ရောင်ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားကြပြီး အတွေ့အကြုံ ရင့်ကျက်သော သိုင်းသမားများဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေလေသည်။

ထိုလူသုံးယောက်သည် ကျင်းလီ၏ ရှေ့၌ ဒူးထောက်ချလိုက်ကြလေသည်။

'နယ်စားလေး ကျုပ်တို့ တောင်းပန်ပါတယ်၊ ဝမ်းစုကို သေဒဏ်အပြစ်မပေးပါနဲ့'

'ဟုတ်ပါတယ် နယ်စားလေး...၊ ဝမ်းစုမှာ အပြစ်မရှိပါဘူး'

'နယ်စားလေးဝမ်စုဟာ နယ်စားကြီးရှိစဉ်ကတည်းကသစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့တာကိုထောက်ပြီး ချမ်းသာပေးပွဲတောင်းပန်ပါတယ်'

အသီးသီးတောင်းပန်လိုက်ကြလေသည်။

'ဟား ဟား ဟား'

ကျင်းလီရယ်မောလိုက်လေသည်၊

သူ၏ရယ်မောသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

'လက်စသတ်တော့ အဆောင်ကိုင်လေးယောက်စလုံးဒီကိုရောက်နေကြတာကိုး၊ ကောင်းတယ်....ကောင်းတယ်၊ ကျုပ်က ကလေးလေးတစ်ယောက်လို လိုက်ပြီးစောင့်ရှောက်နေတာကို သဘောကျမယ်များမှတ်သလား'

အဆောင်ကိုင်လေးယောက်စလုံး ဘာမျှမပြောဘဲ နေကြသည်၊

ကျင်းလီ နှာခေါင်းရှုံ့လိုက်သည်၊

'ခင်ဗျားတို့လေးယောက် ကျုပ်နောက်ကိုလိုက်လာကြအာကိုက ကျုပ်ကို စော်ကားတာပဲ'

အဆောင်ကိုင်လေးယောက် ခေါင်းငုံ့ထားကြလေသည်၊

ကျင်းလီက ဆက်ပြောလိုက်လေသည်၊



'ခင်ဗျားတို့လေးယောက်ကို ကျုပ်က ဖေဖေ့ရဲ့မျက်နှာကိုထောက်ထားပြီး နှင်လွှတ်လိုက်မယ်၊ ခင်ဗျားတို့ တောင်ပိုင်းကို ပြန်သွားကြပါ'

အဆောင်ကိုင်လေးယောက်က တုတ်တုတ်မျှမလှုပ်ကြချေ။

ကျင်းလီက ထပ်ပြောလိုက်သည်၊

'ကျုပ်က ဒီနယ်မှာ လုပ်စရာရှိတာလုပ်ပြီးရင် တောင်ပိုင်းကို ပြန်လာခဲ့မယ်၊ ဒါမှမဟုတ်လို့ ကျုပ်ပြန်မလာနိုင်ဘူးဆိုရင်လဲ ဘယ်သူမှ မျှော်မနေကြနဲ့တော့'

'နယ်စားလေး'

အဆောင်ကိုင်လေးယောက် အထိတ်တလန့် ဖြစ်သွားကြသည်။

ကျင်းလီကား ဘာကိုမှ ဂရုမထားဟန်ဖြင့် ဆက်ပြောသည်။

'ခင်ဗျားတို့ ပြန်သွားကြပါ'

အဆောင်ကိုင်လေးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေ၏။

ကျင်းလီ၏စကားကို ဖယ်ရှား၍မဖြစ်မှန်း သဘောပေါက်လိုက်ကြလေသည်၊

ထို့ကြောင့်....

'ကောင်းပါပြီ နှယ်စားလေး၊ ကျုပ်တို့ သွားပါတော့မယ်' စကားဆုံးလျှင် ဒူးခေါက်ရာမှထလိုက်ကြလေသည်။

ကင်းလီက လက်ဝှေ့ယမ်းပြလိုက်လျှင် ခြေးသွားထွက်ခွာ သွားကြလေတော့သည်။

ခုံမင်းမြို့။

ခုံမင်းမြို့သည် စည်ကားသိုက်မြိုက်သောမြို့ကြီးတစ်မြို့ဖြစ်လေသည်။

ကင်းလီသည် စုစုကိုခေါ်ကာ ခုံမင်းမြို့သို့ ရောက်ရှိသွားလေသည်။

ခုံမင်းမြို့၏ ကျော်ကြားသော တည်းခိုခန်းတစ်ခု၌ တည်းခို လိုက်သည်၊

သူ ဘာကိုမှဂရုမစိုက်တော့ပါ။

ခုံမင်းမြို့၌ ချူးကျန်းဂိုဏ်းနှင့်ရင်ဆိုင်ရန် ဆုံးဖြတ်ထားပြီးဖြစ် လေသည်၊



စုစုကား အားအင်ကုန်ခန်းကာ ခွန်အားကို အသုံးမပြုနိုင်သော သွေးကြောတစ်နေရာကိုပိတ်ထားသဖြင့် သူမထွက်ပြေးဖို့ ဆိုသည်ကား မဖြစ်နိုင်တော့ပေ။

တည်းခိုခန်း၏အခန်းတစ်ခန်း၌ ပိတ်လှောင်ထားကာ လိုလေသေးမရှိအောင် ကျွေးမွေးပြုစုထားလေသည်။

ကျင်းလီကိုယ်တိုင်ကား ခုံမင်းမြို့ရှိ ချူးကျန်းဂိုဏ်း ဌာနခွဲသို့ ဦးတည်သွားခဲ့လေသည်၊

ကျင်းလီသည် မခံချင်စိတ်ဖြင့် ပြုလုပ်ခဲ့မိရာမှ မြေကျွံမိပြီဖြစ်ကြောင်း ကိုယ်တိုင် သတိမထားမိတော့ချေ။

တောက်ပသော နေရောင်ခြည်အောက်တွင် ခုံမင်းတစ်မြို့လုံး စည်ကားသိုက်မြိုက်နေလေသည်။

အရောင် အသွေး စုံလင်စွာ ဝတ်ဆင်ထားကြသူများသည် လမ်းပေါ်၌ဥဒဟိုသွားလာနေကြလေသည်။

လမ်းဘေး တစ်ဖက်တစ်ချက်၌ စားသောက်ဆိုင်၊ ဈေးဆိုင်များ ရှိနေသည်။

ကျင်းလီသည် လမ်းမကြီးအတိုင်း ဖြတ်ဘန်းကာ ချူးကျန်းဂိုဏ်း ဌာနခွဲတည်ရှိသော နေရာဆီသို့ဦးတည်လှမ်းလာနေစဉ်မှာပင်....

'မိတ်ဆွေ ခဏလောက်'

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရတေသည်။

ကျင်းလီ ခြေလှမ်းရပ်ကာ လှမ်းကြည့် လိုက်လျှင် ဝတ်ကောင်း စားလှ ဝတ်ဆင်ထားသူ တစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

ကျင်းလီက မျက်မှောင်ကြုတ်ကာ ကြည့်နေလိုက်သည်။

ထိုလူသည် ပြုံးရွှင်သောမျက်နှာဖြင့် အနီးသို့ ရောက်လာပြီး လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

'မိတ်ဆွေလေးဟာ ချူးကျန်းတောင် ဖူးစာရှင် ရွေးပွဲကို တက်ရောက်ခဲ့တဲ့ ကျင်းလီ မဟုတ်လားဗျာ'

ကျင်းလီ အံ့သြသွားလေသည်။

'ခင်ဗျားက ကျုပ်ကို သိနေတယ်ဟုတ်လား'

'ဟဲ....ဟဲ....မိတ်ဆွေရဲ့အကြောင်းကို ချူးကျန်း သိုင်းလောက တစ်ခုလုံးက သိနေကြတာပဲဗျ၊ ကျုပ်မသိဘူးဆိုရင် ညံ့ရာကျသွားမှာပေါ့'



'ဩော်'

'မိတ်ဆွေလေးကြောင့် ချူးကျန်းဂိုဏ်း အတော် ဗျာများသွားတာပဲ ကျွန်တော်သဘောကျတယ်ဗျာ'

ကျင်းလီ မျက်မှောင်ကြုတ်သွားသည်။

'သဘောကျတယ် ဟုတ်လား၊ ဘာကို သဘောကျတာလဲ ပြောစမ်းပါဦး'

'မိတ်ဆွေက ချူးကျန်းဂိုဏ်းကို ဆုံးမလိုက်တာကိုပြောတာလေ၊ ချူးကျန်းဂိုဏ်းဟာ အင်အားကြီးမားတယ်၊ သိုင်းပညာတော်တဲ့လူ ပေါတယ်၊ မိတ်ဆွေ သင်္ဂဟ ပေါများတယ်ဆိုပြီး ကြီးကျယ်နေတာကြာပြီ၊ မိတ်ဆွေနဲ့ တွေ့လိုက်တော့မှပဲ ငြိမ်သွားကြတာ၊ ဟင်း....ဟင်း'

ကျင်းလီ ခေါင်းခါယမ်းလိုက်သည်။

'သူတို့ ငြိမ်သွားတာ မဟုတ်ဘူး၊ ကျုပ်ကို သဲကြီး မဲကြီး ဖြစ်နေကြတာ'

ထိုလူ ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား....ဒီအတွက် ဘာမှမပူပါနဲ့ဗျာ၊ ကျုပ်တို့က လက်ပိုက် ကြည့်နေမှာမဟုတ်ပါဘူး၊ မိတ်ဆွေလေးဘက်က ကူညီပြီး ချူးကျန်းဂိုဏ်းကိုဆုံးမသွားမှာပါ'

'ဟား....ဟား....ဟား'

ကျင်းလီကလည်း ဟားတိုက်ရယ်မောလိုက်လေသည်။

'ကျုပ် ကျင်းလီဟာ သူတစ်ပါးရဲ့ အကူအညီရယူမယ့် လူတစ်ယောက်ကို ထင်နေရင် မှားသွားမှာပေါ့။ ချူးကျန်းဂိုဏ်းကို ဂရုမစိုက်လို့ အဝေးကို ရှောင်နေရာက နောက်ကြောင်းပြန်လှည့် လာခဲ့တယ်ဆိုတာ မှတ်ထားပါ'

ထိုလူက....

'မိတ်ဆွေက ချူးကျန်းဂိုဏ်းကို ရင်ဆိုင် သွားမယ် ဆိုပါတော့'

'ဟုတ်တယ်၊ ချူးကျန်းဂိုဏ်းဆိုတာ လောကပေါ်က ပျောက်ကွယ်သွားစေရမယ်'

'ကောင်းတယ်....ကောင်းတယ် ဗျို့'

ထို့စဉ်....

'ဒေါင်....ဒေါင်....ဒေါင်....'

ခပ်လှမ်းလှမ်းတစ်နေရာမှ သံချောင်းခေါက်သံများ ထွက်ပေါ်၍လာသည်ကို ကြားလိုက်ရလေသည်။

လူအများ ရုတ်ရုတ်သဲသဲ အော်ဟစ်ပြေးလွှားနေကြသည်ကိုလည်း တွေ့လိုက်ရလေသည်။

ပြဿနာ တစ်စုံတစ်ခု ဖြစ်ပေါ်နေကြောင်း ထင်ရှားနေပါသည်။

'ဟား....ဟား....ဟား'



ထိုလူ ရယ်မောလိုက်လေသည်။

'ရှေ့မှာ ချူးကျန်းဌာနခွဲတစ်ခုရှိနေတယ်လေဗျာ၊ ကျုပ်ရဲ့ အပေါင်းအဖော်တွေက မိတ်ဆွေအတွက် ချူးကျန်းဌာနခွဲကို ဖျက်ဆီးပစ်လိုက်ကြတာပေါ့'

'ဘာ....ဘာပြောတယ်'

ကျင်းလီ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ထိုလူက....

'ကျုပ်သွားပြီး ကူညီလိုက်ဦးမယ်၊ မိတ်ဆွေ အေးအေးသာနေပါဗျာ'

စကားဆုံးလျှင် တစ်ဟုန်ထိုးပြေးထွက်သွားလေသည်။

ကျင်းလီ ကြောင်အမ်းအမ်းဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

## ရှုပ်ရှုပ် ထွေးထွေး

ကျင်းလီသည် မမျှော်လင့်ဘဲ ထူးခြားသူ တစ်ယောက်နှင့် တွေ့ဆုံခဲ့ရလေသည်။

ထိုလူသည် ချူးကျန်းဂိုဏ်းအား ဖျက်ဆီးလိုသူတစ်ယောက် ဖြစ်နေသည်။

ယခုလည်း ချူးကျန့်ဂိုဏ်း၏ဌာနခွဲအား ထိုလူ၏အပေါင်းအဖော်များက တိုက်ခိုက်ဖျက်ဆီးပစ်ကြမည်ဟု သိရလေတော့သည်။

ကျင်းလီ မနေနိုင်တော့ဘဲ တစ်ဟုန်ထိုး ပြေးသွားလိုက်လေသည်။



မကြာပါချေ၊ ပျက်စီးနေသော အဆောက်အဦးတစ်ခုအား တွေ့မြင်လိုက်ရလေသည်၊

ထိုအဆောက်အဦးရှေ့၌ လဲကျသေဆုံးနေသော လူသေအလောင်းများကို တွေ့လိုက်ရလေသည်၊

ချူးကျန်းဂိုဏ်းသားများ ဖြစ်ပါသည်၊

ချူးကျန်းဂိုဏ်းသားများသည် ရက်ရက်စက်စက် တိုက်ခိုက်သုတ်သင်ခြင်း ခံလိုက်ရခြင်း ဖြစ်ပါသည်။

တိုက်ပွဲများကို မတွေ့ရတော့ပါ၊

ကျင်းလီသည် သူ့အား လာရောက်ပြောဆိုခဲ့သူအား ရှာဖွေကြည့်လိုက်သော်လည်း အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

ထိုလူသည်လည်း ပျောက်ချင်းမလှ ပျောက်ဆုံးနေပြီ ဖြစ်သည်။

ကျင်းလီ ဒေါသထွက်သွားသည်

ထိုလူကိုလည်း ခွင့်မလွှတ်နိုင်ပါ။

သို့သော်–

အရိပ်အယောင်ပင်မတွေ့ရတော့သဖြင့် မည်သို့ပြုလုပ်ရမှန် မသိအောင် ဖြစ်သွားလေတော့သည်။

တည်းခိုခန်း....

ကျင်းလီ တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာသောအခါ ဆိုင်လုလင်တစ်ယောက်က ကြိုဆိုလာလေသည်။

'အစ်ကိုလေး ပြန်လာပြီကိုး....၊ အစ်ကိုလေးရဲ့ မိတ်ဆွေ အစ်မလေးတောင် စောစောကပဲ အပြင်ထွက်သွားတယ်'

'ဘာ...ဘာ ပြောတယ်'

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် ကျင်းလီ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'စုစု အပြင်ထွက်သွားတယ် ဟုတ်လား'

'ဟုတ်တယ် အစ်ကိုလေးနဲ့အတူတူပါလာတဲ့ အစ်မလေးပေါ့၊ သူ့နာမည်စုစုလို့ အစ်ကိုလေးခေါ်တာ ကျွန်တော်ကြားမိပါတယ်၊ ကျွန်တော်ပဲ အစ်ကိုလေးတို့ ရောက်လာတုန်းက ဘယ်အခန်းမှာ တည်းခိုရမယ်ဆိုတာ လိုက်ပို့ပေးခဲ့ကြတာလေ....'

ဆိုင်လုလင်သည် မည်သည့်နည်းနှင့်မျှ လူပမှားနိုင်တော့ကြောင်း ကျင်းလီ နားလည်လိုက်လေသည်။

'စုစု ဘာကြောင့် တစ်ယောက်ထဲ ထွက်သွားရတာလဲ'

မကျေမနပ် မေးရှတ်လိုက်လေသည်။



ဆိုင်လုလင် ခေါင်းခါယမ်းလိုက်သည်။

'သူတစ်ယောက်တည်းထွက်သွားတာမဟုတ်ပါဘူး၊ အမျိုးသမီးကြီးတစ်ယောက်က လာခေါ်သွားတာပါ'

'ဘာ....'

ကျင်းလီ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြန်လေသည်။

'ဘယ်ကအမျိုးသမီးကြီး ခေါ်သွားတာလဲ၊ ပြောစမ်းပါဦး'

'ခရမ်းရောင်ဝတ်ထားတဲ့ အမျိုးသမီးကြီးတစ်ယောက်ပါ၊ သူတို့ထွက်သွားတာမကြာသေးပါဘူး၊ အရှေ့ဘက် လမ်းကြားထဲကို ချိုးကွေ့ဝင်သွားတာကို ကျွန်တော်တို့ တွေ့လိုက်ပါတယ်'

ကျင်းလီမှာ ဆိုင်လုလင်ကိုနှုတ်မဆက်နိုင်တော့ဘဲ ဆိုင်လုလင်ညွှန်ပြသည့် အရှေ့ဘက်လမ်းကြားဆီသို့ ဦးတည်ကာ တစ်ဟုန်ထိုး လိုက်သွားလေတော့သည်။

လှမ်းကြားထဲ၌ လူရှင်းနေသည်။

သူရောက်သွားသော အခါ စုစု၏အရိပ်အယောင်ကိုပင်မတွေ့ ရတော့ပါချေ။

စုစု မည်သည့်နေရာသို့ရောက်ရှိသွားပါသနည်း။
သူ တိုဟိုသည်သည်ကြည့်နေစဉ်....
'မိတ်ဆွေ၊ ဘယ်သူ့ကိုရှာနေတာလဲ'

စကားသံတစ်ချက် ထွက်ပေါ်လာသဖြင့် လှည့်ကြည့်လိုက်သောအခါ မလှမ်းမကမ်း၌ရပ်နေသော ဝတ်ကော င်းစားလှ ဝတ်ထားသူတစ်ယောက်အား တွေ့လိုက်ရလေသည်။

'ဟင်....ခင် ခင်ဗျား....'
ထိုလူက ရယ်မောလိုက်သည်။
'မိတ်ဆွေက သခင်မလေးစုစုကိုလိုက်ရှာ နေတာမဟုတ်လား ဗျာ'
ကျင်းလီက ခေါင်းညိတ်လိုက်သည်။
'ဟုတ်ပါတယ်'
'မပူပါနဲ့ဗျာ၊ သခင်မလေး ဘေးအန္တရာယ်ကင်းရှင်းစွာ ရှိနေပါတယ်'
'ခင် ခင်ဗျားက သူ့ကိုခေါ်သွားတာ ဟုတ်လား'
'ဟုတ်ပါတယ်ဗျာ'
'တောက်'



ကျင်းလီက တောက်ခေါက်ကာ ရှေ့တိုးလိုက်လေသည်။
ထိုလူက လက်ကာပြလိုက်သည်။

'ဒေါသမကြီးပါနဲ့လေ၊ သခင်မလေးကို ဒီလိုတစ်ယောက်တည်းထားပစ်ခဲ့ပြီးလျှောက်သွားနေရင် သခင်မလေးဒုက္ခရောက်သွားမှာကိုစိုးရိမ်လို့ ကျုပ်တို့ကခေါ်ပြီး ထိန်းသိမ်းစောင့်ရှောက်ထားရတာပါ'

ကျင်းလီအံကြိတ်လိုက်သည်။
'စုစု ဘယ်မှာလဲ'
သံပြတ်ဖြင့်မေးလိုက်လေသည်။
ထိုလူက ရယ်မောလိုက်သည်။
'မိတ်ဆွေလေးကသာ ကျုပ်တို့နဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် သခင်မလေးကိုပြန်တွေ့ရမှာပါ'

'ဪ... ကျုပ်ကို အကျပ်ကိုင်ချင်တဲ့သဘောကိုး'
ထိုလူက လက်ကာပြလိုက်လေသည်။
'ဒီလိုမဟုတ်ပါဘူးဗျာ၊ ကျုပ်တို့နဲ့အတူ လက်တွဲ ဆောင်ရွက်စေချင်တဲ့သဘောပါ'
ကျင်းလီ ခေါင်းခါယမ်းလိုက်လေသည်။
'ကျုပ်ကို အကျပ်ကိုင်လို့ ဘယ်တော့မှမရဘူး၊ မှတ်ပေ...'
စကားဆုံးလျှင် ရှေ့သို့ လျှပ်တစ်ပြက်တိုးသွားပြီး ထိုလူကို တိုက်ခိုက်လိုက်လေသည်။

ထိုလူက ကပျာကယာနောက်ဆုတ် ရှောင်တိမ်းလိုက်လေသည်။

'မလုပ်နဲ့'

ထိုလူက ဟန့်တားလိုက်သော်လည်း မရတော့ပါချေ။ ကျင်းလီက ခေါင်းမာပြီး တစ်ဇွတ်ထိုးလုပ်တတ်သူပီပီ ရှေ့တိုးတိုက်ခိုက်လိုက်ပြီ ဖြစ်လေသည်။

ထိုလူသည် ရှောင်တိမ်းလို့မလွယ်သည့်နောက်ဆုံးလက်ဝါးနှစ်ဖက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်....

'ဝုန်း...'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

ထိုလူသည် ဒယိမ်းဒယိုင်ဖြင့် နောက်ဆုတ်သွားရှာ—

'ဝေါ့'

ပါးစပ်ထဲမှ သွေးများအန်ထွက်လိုက်လေသည်။

ကျင်းလီ၏လက်ချက်ကြောင့် အတွင်းဒဏ် ရရှိသွားပြီ ဖြစ်ကြောင်း ထင်ရှားလေသည်။

ကျင်းလီက ဆက်လက်တိုက်ခိုက်ခြင်းမပြု။



'စုစု ဘယ်မှာလဲ'

အော်မေးလိုက်လေသည်။

ထိုလူ အံကြိတ်လိုက်သည်။

'တွေ့ချင်ရင် ကျုပ်နောက်လိုက်ခဲ့'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးထွက်သွားသည်။

ကျင်းလီ မဲ့ပြုံးပြုံးလိုက်လေသည်။

'စိတ်ချ...မင်း ဘယ်လောက်ပြေးမလဲ၊ ပြေးပေတော့'

ကိုယ်ဖော့ပညာ အသုံးပြုကာ ထိုလူ့နောက်သို့ ပြေးလွှားလိုက်ပါသွားလေတော့သည်။

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ကျင်းလီမသိပါ။

ထိုလူသည် စုစုအားဖမ်းဆီးထားပြီး အကျပ်ကိုင်ဖို့ ကြိုးစားသည်ကို အမုန်းကြီးမုန်းမိသဖြင့် ထိုလူအား မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမရန် ဆုံးဖြတ်ကာလိုက် သွားခြင်းဖြစ်လေသည်။

ထိုလူသည် ဒဏ်ရာရထားသော်လည်း ကိုယ်ခံ့ာ့ဖသာက၊ မခံ့ပါချေ။

ရိပ်ခနဲရိပ်ခနဲ ပြေးသွားပြီး အဝေးသို့ရောက်ရှိသွားလေသည်။

ကျင်းလီ သူ့နောက်သို့ လိုက်လာလိမ့်မည်ဟု ယုံကြည်ထားလေသည်။

အတန်ကြာ ပြေးသွားပြီးသောအခါ မြို့ပြင်သို့ရောက်မှန်းမသိ ရောက်လာသည်။

ထိုလူသည် သစ်ပင်တစ်ပင်နောက်ကွယ်သို့ ဖျတ်ခနဲခုန်ဝင်ကာ ပုန်းအောင်းလိုက်လေသည်။

ပြီးမှ ကျင်းလီ လိုက်လာခြင်းရှိမရှိ အကဲခတ်လိုက်သည်။

ကျင်းလီ၏အရိပ်အယောင်ပင် မတွေ့ရပါ၊ အခြား ထူးခြားမှုများသည်း မတွေ့ရပါ။

'ဘယ်လိုဖြစ်တာပါလိမ့်'

ထိုစဉ်....

'စန်းဖုံး၊ မင်းဘာဖြစ်တာလဲ'

နောက်ကျောဘက်မှ စကားသံထွက်ပေါ်လာသဖြင့် လှည့်ကြည့်လိုက်ရာ ရသေ့တစ်ပါး ရောက်လာသည်ကို တွေ့လိုက်ရလေသည်။



'ဩော် ...မုရသေ့'

စန်းဖုံးဆိုသည့် ဝတ်ကောင်းစားလှဝတ်ထားသူ ငမ်းသာသွားလေသည်။

'မင်း ဘယ်လိုဖြစ်နေတာလဲ'

မုရသေ့က ထပ်မေးလေသည်။

စန်းဖုံး ပခုံးတွန့်လိုက်သည်။

'ကျုပ်က ကျင်းလီကို ခေါ်လာတာဗျ၊ ဒါပေမယ့် သူက ကောင်းကောင်းမလိုက်ဘူး'

'ဒါဖြင့် မင်းတို့နှစ်ယောက် တိုက်ခိုက်ခဲ့ကြသေးတယ် ဆိုပါတော့'

'ဟုတ်တယ်'

'ကျင်းညီရဲ့သိုင်းပညာ ဘယ်လိုနေသလဲ'

'ကျုပ်က'

စန်းဖုံး၏ခန္ဓာကိုယ် သတ်ခနဲ တုန်ခါသွားပြီး နှုတ်ခမ်းထောင့်မှသွေးများ စီးကျလာသည်။

မုရသေ့ မျက်နှာပျက်သွားသည်။

'မင်း ဒဏ်ရာရလာတယ် ဟုတ်လား'

စန်းဖုံး ခေါင်းညိတ်ပြလိုက်သည်။

မုရသေ့ တွေဝေသွားသည်။

'စုစု တို့လက်ထဲရောက်နေတာတောင် သူက ဘာကိုမှ ဂရုမစိုက်ဘဲ တိုက်ခိုက်ခဲ့တယ်ဆိုတော့ သူ့ကို ဒပါပေါ့တန်တန်သဘောထားလို့မဖြစ်ဘူး၊ သူက စိတ်ထင်ရာကို တစ်ဇွတ်ထိုးလုပ်မယ့်သဘောရှိတယ်'

'သိပ်မှန်တာပေါ့ဗျာ၊ သိုင်းလောကမှာ ကျင်လည်နေကြတဲ့ ကြေးစား သိုင်းသမားတစ်ယောက်လို စိတ်နေသဘောထားရှိတဲ့လူတစ်ယောက်ပဲ၊ ထစ်ခနဲဆိုတာနဲ့ တိုက်ခိုက်ဖို့လောက်ကိုပဲ တွေးနေတဲ့လူ'

'အခု သူဘယ်မှာလဲ'

'ကျုပ်နောက်ကို လိုက်လာမယ် ထင်ပေမယ့် ခုထိ အရိပ်အယောင်တောင် မတွေ့ရသေးဘူးဗျ'

မုရသေ စန်းဖုံးပြေးလွှားလာသည့်လမ်းကို မျှော်ကြည့်လိုက်လေသည်၊

ကျင်းလီ၏အရိပ်အယောင်ကိုပင် မတွေ့ရသေးပါချေ၊

မုရသေ သက်ပြင်းချလိုက်သည်၊

'မင်း ဒဏ်ရာရထားတယ်ဆိုရင် သွားပြီးအနားယူလိုက်ပါဦး၊ ကျုပ်စောင့်နေလိုက်မယ်'

စန်းဖုံး ဝမ်းသာသွားလေသည်၊



'ကျေးဇူးပဲ'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့သည်၊

စန်းဖုံး မြင်ကွင်းမှပျောက်ကွယ်သွားသောအခါ မုရသေက ဆက်ပြီးစောင့်နေလိုက်လေသည်၊

ကျင်းလီသည် မုရသေနှင့် စန်းဖုံးတို့ တွေ့ဆုံခဲ့ကြသည်ကို ကောင်းစွာ တွေ့မြင်လာပြီး ဖြစ်လေသည်၊

သူက သစ်ကိုင်း တစ်ကိုင်းပေါ်မှ ထိုင်ကြည့်နေခြင်း ဖြစ်သည်၊

စန်းဖုံးသည် ထိုရသေကို ထားရစ်ခဲ့ကာ တောအုပ်၏ အရှေ့ဘူးစူးသို့ ဦးတည်သွားနေ၏၊

စန်းဖုံးသွားနေသည့်ဘက်တွင်ဘုံကျောင်းတစ်ခု ရှိနေသည်ကိုသစ်ပင်များကြားမှတွေ့ရလေသည်၊

ထိုဘုံကျောင်းသည် စန်းဖုံးတို့၏ စခန်းဖြစ်ရမည်ဟုလည်း ကျင်းလီ တွေးမိလေသည်၊

တို့ကြောင့် သစ်ကိုင်းတစ်ကိုင်းမှအစ်ကိုင်းကူးကာ နောက်သို့ လိုက်သွားရန် ဟန်ပြင်လိုက်လေသည်။

သစ်ကိုင်းတစ်ကိုင်းသို့ ခုန်ကူးလိုက်သည်နှင့် မုရသေသည် ကျင်းလီ၏ လှုပ်ရှားမှုကို သတိပြုမိသွားပြီး လက်ဝှေ့ယမ်းလိုက်လေသည်။

'ဝှစ်....ဝှစ်'

လက်နက်ပုန်းကလေးများသည် လေထဲပျံဝဲသွားသည်။

'ဖောက်...ဖောက်'

မြည်သံ သဲ့သဲ့ ထွက်ပေါ်ကာ ကျင်းလီ ခုန်ကူးသည့် သစ်ကိုင်းမှ သစ်ရွက်ကလေးများ၌ စိုက်ဝင်သွားလေသည်။

ကျင်းလီ ရှေ့ဆက်ခုန်ကူးသွားဖို့ မဖြစ်နိုင်တော့၍ မြေသို့ ခုန်ဆင်းလိုက်ရလေသည်။

မုရသေ့က သူ၏ရှေ့သို့ချက်ချင်း ရောက်ရှိ၍လာသည်။

ကျင်းလီက လက်နှစ်ဖက် နောက်ပစ်ကာ မလှုပ်မယှက်ရပ်နေလိုက်လေသည်။

မုရသေ့က ကျင်းလီအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

'အင်း... စန်းဖုံးကတော့ မင်းကို သိပ်ပြီး ချီးကျူးနေတာပဲ၊ ချူးကျန်းတောင်မှာမင်းကိုတွေ့လိုက်ရကတည်းက သဘောကျနေတာ၊ သူပြောသလို သဘောကျစရာ လေ့လာမယ်လို့



ငါတို့ မျှော်လင့်ပါတယ်၊ ဒါပေမယ့် မင်းက ဇွတ်လွှတ်မနိုင်ဘူး ဆိုရင်ပေါ့လေ'

ကျင်းလီက ခပ်တည်တည်ပင် ပြောလေသည်။

'ခင်ဗျားပြောစရာကုန်ပြီဆိုရင် ကျုပ် သွားတော့မယ်'

'နေဦး'

မုရသေ့သည် ထွက်သွားရန်ဟန်ပြင်နေသော ကျင်းလီကို ဟန့်တားလိုက်လေသည်။

'ခင်ဗျား ဘာပြောချင်သေးလို့လဲ'

ကျင်းလီက မေးသည်။

မုရသေ့က...

'မင်းဟာ ချူးကျန်းရဲတိုက်ကိုချေမှုန်းပစ်မယ်ဆိုကာအမှန်ပဲလား'

'ဟုတ်တယ်'

'ဒါဖြင့် ငါတို့ပဲ ဘာကြောင့် လက်မတွဲနိုင်ရတာလဲ'

'ဘာဗျ...ကျုပ်က ခင်ဗျားတို့နဲ့လက်တွဲရမယ်ဟုတ်လား'

'ဟုတ်တယ်လေ၊ ငါတို့ကလဲ ချူးကျန်းဂိုဏ်းကို ချေမှုန်းပစ်ချင်ကြသူတွေပဲ'

'ဟား....ဟား....ဟား'

ကျင်းလီက ဟားတိုက် ရယ်မောလိုက်လေသည်။

မုရသေ့က မျက်မှောင်ကြုတ်ကာ ကြည့်နေသည်။

ကျင်းလီက ပြောလိုက်သည်။

'ချူးကျန်းဂိုဏ်းကို ခင်ဗျားတို့ ရင်မဆိုင်ရဲဘဲ ကျုပ်ကို စည်းရုံးဖို့ ကြိုးစားနေကြတာ မဟုတ်လား'

မုရသော့ မကျေမနပ်ဖြစ်သွားလေသည်။

'ဘာကြောင့် ငါတို့ ရင်မဆိုင်ဝံ့ရမှာလဲ'

'ရင်ဆိုင်ရဲတယ်ဆိုရင် ဘာကြောင့် စုစုကိုဖမ်းပြီး ကျုပ်ကို အကျပ်ကိုင်ရတာလဲ'

'စုစုဟာ ငါ့ကိုမုန်းတီးနေတဲ့ ချူးကျန်းဂိုဏ်းမှဲ့သခင်မလေး ဖြစ်နေလို့ပေါ့'

ကျင်းလီ ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားတို့ သူ့ကိုလက်ဖျားနဲ့တောင်ထိလို့မရဘူး၊ သူသာ တစ်ခုခုဖြစ်သွားမယ်ဆိုရင် ခင်ဗျားတို့တစ်ယောက်မှ ချမ်းသာရာရမယ်မထင်နဲ့'

'ဟား...ဟား...ဟား'

မုရသော့ ရယ်မောလိုက်လေသည်။

ကျင်းလီ၏စကားကို ခံပြင်းသွားသလို လှောင်ပြောင် ရယ်မောလိုက်ခြင်းလည်း ဖြစ်ပါတော့သည်။

ကျင်းလီက မလှုပ်မယှက်ရပ်ကာ မုရသော့အားစိုက်ကြည့်နေသည်။

မုရသော့သည်အတန်ကြာရယ်မောပြီးမှ ပြောလေသည်။



'မင်းရဲ့အသက်ဘယ်လောက်များရှိသေးလို့လဲ၊ သိုင်းလောကမှာ ဘယ်သူ့ကိုမှ မှုစရာမလိုဘူးထင်နေရင်အများကြီးမှားသွားလိမ့်မယ်'

ကျင်းလီ ခေါင်းညိတ်လိုက်သည်။

'သိုင်းလောကမှာ ထိပ်သီးသိုင်းသမားကြီးတွေ အများကြီး ရှိနေကြတာ ကျုပ်မသိဘဲနေပါ့မလားဗျာ၊ ဒါပေမယ့်...ကျုပ် တွေ့နေရတဲ့လူတွေကတော့ ဘာမှ အရည်အချင်းမရှိဘဲ အပြောသက်သက်သမားတွေချည်း ဖြစ်နေကြတာပဲလေ'

'ဘာကွ၊ ငါ့ကိုပါ မင်းက အပြောသမား ထင်နေတာပဲပေါ့၊ ဟုတ်လား'

မုရသော့က ဒေါသဖြင့်အော်လိုက်လေသည်။

ကျင်းလီက အမှုမထားချေ။

'အပြောသမားမဟုတ်ရင် ဘာကြောင့် ကျုပ်ကိုအကျပ်ကိုင်ချင်တာလဲ ပြောစမ်းပါဦး'

'ကောင်းပြီ၊ မင်းကို ဘာမှ အကျပ်ကိုင်စရာမလိုဘူး၊ ငါတို့ဘာသာ ချူးကျန်းဂိုဏ်းကို ဆုံးမနိုင်တဲ့အရည်အချင်းရှိတယ်ဆိုတာမင်းသိစေရမယ်'

စကားအဆုံးတွင် ရှေ့တိုးလာလေသည်။

ကျင်းလီက ရင်ဆိုင်ရန်အသင့်ပြင်ထားလိုက်သည်။

မုရသေ့က မဲ့ပြုံးပြုံးလိုက်သည်။

'မင်း ဘယ်လောက် အစွမ်းအစရှိတယ်ဆိုတာ ကြည့်ကြသေးတာပေါ့'

စကားအဆုံးတွင် လက်နှစ်ဖက် ဝှေ့ယမ်းလိုက်လေသည်၊

'ဝှစ် ဝှစ် ဝှစ်'

လေတိုးသံများ ထွက်ပေါ်လာကာ လက်နက်ပုန်းလေးများသည် ကျင်းလီထံသို့ တစ်ဟုန်ထိုးပစ်လွှင့်သွားလေသည်။

ကျင်းလီက နောက်ဆုတ်ခြင်းလည်း မပြု၊ ရှောင်တိမ်းခြင်းလည်းမပြုဘဲ လက်ဝှေ့ယမ်းကာ အင်္ကျီလွှက်ဖြင့် လက်နက်ပုန်းလေးများကို လိပ်ယူထားလိုက်လေသည်။

ဓင်းလက်တောက်ပသော အလင်းရောင်များနှင့်အတူ လက်နက်ပုန်းလေးများသည် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

'ဟင်'

မုရသေ့ ကြောင်အမ်းအမ်းဖြစ်သွားလေသည်၊

ကျင်းလီကို ခေသူမဟုတ်ကြောင်းလည်း သဘောပေါက်သွားလေသည်။

'မင်း ဘယ်ဆိုးလို့လဲ၊ ဒီတစ်ခါ ကျုပ်ရဲ့သိုင်းကွက်ကို ကြည့်ပါဦး'

ချက်ချင်းပင် ရှေ့တိုးကာ လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်လေသည်၊



'ဟူး....'

ပြင်းထန်သော လေတိုးသံထွက်ပေါ်လာလေသည်၊

ကျင်းလီ၏ အဝတ်အစားများ တဖျပ်ဖျပ် လှုပ်လွင့်သွားသည်၊

ထိုလက်ဝါးရိုက်ချက်တစ်ချက် ထိမှန်လိုက်သည်နှင့် ကျင်းလီမှာ ကောင်းကောင်းကြီးဒုက္ခရောက်သွားမည်ဖြစ်သည်။

မုရသေ့သည် အတွင်းအားအသုံးပြုကာ မလွတ်တမ်း တိုက်ခိုက်ခြင်းဖြစ်လေသည်၊

သို့သော်....

သူ၏လက်ဝါးရိုက်ချက် ထုတ်ဖော်ပြီးသည်နှင့် ကျင်းလီမှာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်၊

'ဝုန်း....'

မုရသေ့၏ လက်ဝါးရိုက်ချက် ထိမှန်သွားသောကျင်းလီ၏ နောက်ဘက်မှ သစ်ပင်ကြီးမှာ အမြစ်မှလန်ကာ ကျွတ်ထွက်သွားလေတော့သည်၊

ကျင်းလီ မည်သည့်နေရာသို့ရောက်ရှိသွားပါသနည်း။

မုရသေ့သည် ကြောင်အမ်းအမ်းဖြင့် ကျင်းလီအား ရှာဖွေကြည့်လိုက်လေသည်။

ထိုစဉ်....

'ခင်ဗျား ဘာရှာနေတာလဲဗျ'

နောက်ကျောဘက်မှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်း'

မုရသေ ချာခနဲလှည့်ကြည့်လိုက်လေသည်။

ထိုအခါ ကျင်းလီမှာ သူ၏အနောက်ဘက် မလှမ်းမကမ်း၌ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

'ဟင်း...ဟင်း....'

ကျင်းလီ ရယ်မောလိုက်လေသည်။

'ခင်ဗျားရဲ့ လက်ဝါးရိုက်ချက်မဆိုးပါဘူး၊ ဒါပေမယ့် သစ်ပင်ပဲ့သဲအောင်မရိုက်နိုင်တာတော့ သိပ်မဟန်သေးဘူး'

မုရသေ ဒေါသထွက်သွားလေသည်။

'ငါက မင်းကို မဆုံးမနိုင်ဘူးများ ထင်နေသလား'

စကားဆုံးလျှင်တော့ ဓားတစ်လက်ဆွဲထုတ်ကာ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

'ဝှစ်...ဝှစ်'



ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်လာလေသည်။ ပြင်းထန်သော ဓားချက်များသည် ကျင်းလီ၏တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်။

ကျင်းလီက လက်တစ်ဖက်ဆန့်ထုတ်လိုက်လေသည်။

သူ၏လက်သည် မုရသေ ဓားကိုင်ထားသော လက်ကောက်ဝတ်ကို ဆုပ်ကိုင်မိလိုက်လေသည်။

'ဓားလွှတ်လိုက်'

ကျင်းလီးက အော်ပေါက်ကာ မုရသေ၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင် ဖျစ်ညှစ်လိုက်လျှင်....

'အင်....'

'ချွမ်း....'

မုရသေ၏ အသံမကျဲ ညည်းတွားသံနှင့်အတူ ဓားမှာ မြေပေါ်လွှတ်ကျသွားလေတော့သည်။

ကျင်းလီ ရယ်မောလိုက်လေသည်။

'ခင်ဗျား ဘာမှမတတ်နိုင်သေးပါဘူး'

မုရသေ အား တွန်းထုတ်ပစ်လိုက်လေသည်။

မုရသေ သည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရ၏။

သူ၏မျက်နှာကြီး မည်းမှောင်နေလေသည်။

'ဟင်း ဟင်း'

ကျင်းလီ ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျား ဘာမှမတတ်နိုင်ပါဘူး၊ ခင်ဗျားလက်လျှော့လိုက်တာ အကောင်းဆုံးပါပဲ'

'ဟောက်'

မုရသေ ဒေါသတကြီး တက်ခေါက်လိုက်သည်၊

သို့သော် ဘာမှမပြောဘဲ ချာခနဲ လှည့်ထွက်သွားလေတော့သည်၊

❖

မုရသေ ထွက်သွားပြီးဖြစ်လေသည်၊

ကျင်းလီက လက်နှစ်ဖက် နောက်ပစ်လျက် ရှေ့ဆက်လျှောက်သွားလိုက်လေသည်၊

မုရသေ ကိုလည်းကောင်း စန်းဖုံးကိုလည်းကောင်း အရိပ်အယောင်ပင် မတွေ့ရတော့ပါချေ၊

ကျင်းလီသည် တွေ့မြင်ခဲ့ရသော ဘုံကျောင်းတောဆီသို့ ဦးတည်လျှောက်သွားလိုက်ခြင်း ဖြစ်လေသည်၊

အတန်ကြာသွားမိသောအခါ ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်နေသော လူပုလေးတစ်ယောက်အား တွေ့လိုက်ရ၏၊ ကျင်းအက ခြေလှမ်းရပ်လိုက်လေသည်၊



လူပုလေး ကို လှမ်းကြည့်ကာ သဘောကျစွာ ပြုံးလိုက်သည်၊ လူပုလေး၏ အသွင်အပြင်ကလည်း ရယ်စရာကောင်းနေ၏၊ ခန္ဓာကိုယ်နှင့် မလိုက်အောင် အဝတ်အစားပွ ယောင်းယောင်း ဝတ်ဆင်ထားလေသည်၊

မုတ်ဆိတ်ရှည်များက ရင်ဘတ်ထိအောင် ကျနေသည်၊ နဖူးကျယ်ကျယ် မျက်လုံးပြူးပြူး ရှိလေသည်၊

ကျင်းလီပြုံးနေသည်ကိုမြင်လျှင် လူပုလေး မျက်မှောင်ကြုတ်သွားလေသည်၊

'မင်း ဘာပြုံးနေတာလဲ'

ခပ်ထန်ထန် မေးလာသည်။

'သဘောကျလို့ပေါ့ဗျာ'

'ဘာကွ'

'ခင်ဗျားကိုကြည့်ရတာ ရယ်စရာကောင်းလို့ပါ'

'ဪ....'

လူပုလေးက ကျောက်တုံးပေါ်၌ မတ်တတ်ရပ်လိုက်သည်၊

ကျင်းလီမှာ လူပုလေးအား မော့ကြည့်ရအောင် အနေအထားသို့ ရောက်ရှိသွားလေသည်၊

'ဘယ်လိုလဲကွ၊ ငါ့ကိုကြည့်ရတာ ရယ်စရာကောင်းသေးသလား'

ကျင်းလီခေါင်းခါယမ်းလိုက်သည်၊

'ရယ်စရာမကောင်းဘူးပါဘူးဗျာ'

'အေး....ဒီလိုပဲ ခေါ်ရမှာပေါ့'

'နေဦး၊ ကျုပ်စကား မဆုံးသေးဘူး'

ကျင်းလီက လက်ကာပြကာ ဆက်ပြောလိုက်လေသည်။

'ခင်ဗျားကိုကြည့်ရတာ မုန်းစရာကောင်းတယ်'

'ဟား ဟား ဟား'

လူပုကား ဟားတိုက် ရယ်မောလိုက်လေသည်။

'ခင်းက ငါ့ကို မုန်းတော့ ငါ ဂရုစိုက်ရမှာလားကွ'

'ကျုပ်ကလဲ ခင်ဗျားကို ဂရုမစိုက်ပါဘူး'

ကျင်းလီသည် လူပုလေးအား လုံးဝဂရုမစိုက်ဘဲ လှမ်းထွက်လိုက်လေသည်။

'ဟေ့...နေဦး'

လူပုလေးက လှမ်းပြီး ဟန့်တားလေသည်။

ကျင်းလီက မကြားချင်ဟန်ဆောင်ကာ ထွက်သွားလေသည်။

လူပုလေးက ဒေါပွသွားလေသည်။

'ငါတစ်ယောက်လုံးရှိနေပါလျက်နဲ့ မင်းထွက်သွားလို့ရမယ် ထင်သလား'

စကားဆုံးလျှင် ကျောက်တုံးပေါ်မှ လျှပ်တစ်ပြက်ခုန်လွှားကာ ကျင်းလီထံသို့ ရောက်ရှိလာလေသည်။



ကျင်းလီက လှည့်မကြည့်ဘဲ လက်နောက်ပြန် ဝှေ့ယမ်းလိုက်လေသည်။

'ဟူး....'

လေတိုးသံထွက်ပေါ်လာလေသည်။

ကျင်းလီနှင့် လူပုလေးတို့၏ လက်ဝါးချင်းဆုံတွေ့မိလိုက်ကြလေသည်။

ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြခြင်း ဖြစ်လေသည်။

'ဒုန်း...'

ကျင်းလီက ရှေ့သို့ ခြေသုံးလှမ်းမျှရောက်သွား၏။

လူပုလေးသည်လည်း ချက်ခြင်းပင် နောက်သို့ခုန်ဆုတ်ပြီး သားဖြစ်သွားလေသည်။

မူလက ကျောက်တုံးကြီးပေါ်၌ ပြန်လည်ရောက်ရှိသွားသည်။

'မင်း သွားလို့မရဘူး'

လူပုလေးက မဲ့ပြုံးပြုံးကာ ပြောလိုက်သည်။

ကျင်းလီ ခေါင်းညိတ်လိုက်သည်။

'စိတ်ချ ခင်ဗျားကိုမဆုံးမရဘဲ ကျုပ်ထွက်မသွားတော့ပါဘူးဗျာ'

'ဩော်....မင်းက ငါ့ကိုဆုံးမမယ်ဟုတ်လား'

'ဟုတ်တယ်'

'ကောင်းတယ်၊ ကောင်းတယ်'

လူပုလေးသည် စကားဆုံးသည်နှင့် ကျောက်တုံးပေါ်မှခုန်ထွက်လာပြီး ကျ ်းလီအား ဘိုက်ခိုက်လိုက်လေသည်၊

'ဟူး....'

သူ၏ခန္ဓာကိုယ်သည် လေထဲသို့ရောက်နေပြီး ခြေထောက်ဖြင့် အဆက်မပြတ်ကန်ကျောက် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်၊

သူ၏ ခြေထောက်ကန်ချက် တစ်ချက် ထိလိုက်သည်နှင့် ကျင်းလီ ဒုက္ခရောက်သွားရမည်မှာ သေချာနေပါတော့သည်၊ သို့သော် ကျင်းလီမှာလည်း ခေသူမဟုတ်ရကား ပွတ်ကာသီကာ ရှောင်တိမ်းလိုက်လေသည်၊

သူ၏လှုပ်ရှားမှုသည် လျှပ်ပြက်သကဲ့သို့ လျင်မြန်နေပါတော့သည်၊

လူပုလေးသည် ငှက်တစ်ကောင်ပမာ လေထဲပျံဝဲ့ရင်း ဆက်လက် တိုက်ခိုက်နေလေသည်၊

ကျင်းလီက ရှောင်တိမ်းနေရင်း တစ်ချိန်တွင် လူပုလေး၏ ခြေထောက်တစ်ဖက်သည် ကျင်းလီ၏ ဝဲဘက်ပခုံးကိုလွတ်ကာ ကန်ကျောက်မိလိုက်လေသည်၊

'ဝုန်း'

ကျင်းလီ အဝေးသို့ လွင့်စဉ်သွားလေတော့သည်၊

'ဟား ဟား ဟား'



လူပုလေးက ဟားတိုက်ရယ်မောလိုက်လေသည်၊

'မင်း ဘာတတ်နိုင်သေးသလဲ၊ နောက်တစ်ခါဆို မလွယ်ဘူးကွာကွာ'

ပြောရင်း ကျောက်တုံးပေါ်သို့ ပြန်လည် ခုန်တက်လိုက်သည်၊

တိုက်ပွဲ၌ အောင်နိုင်ခဲ့သော စစ်သူကြီး တစ်ယောက်ပမာ ရင်ကော့ပြီး ရပ်နေလိုက်လေသည်၊

ကျင်းလီ သက်ပြင်းချလိုက်သည်၊

'ခင်ဗျားမဆိုးဘူး၊ ဒါပေမယ့် ကျုပ်ကို ခြေနဲ့ တစ်ချက်ကန်ကျောက်ခဲ့တာကြောင့် ခင်ဗျားကို သုံးချက်ပြန်ပြီး ကန်ကျောက်ရမှ ကျုပ်ကျေနပ်တယ်ဆိုတာလည်း သတိထားဦး'

'ဟား ဟား ဟား'

လူပုလေးက ဟားတိုက်ရယ်မောလိုက်လေသည်၊

'မင်း ဘာတတ်နိုင်မှာမို့လဲ'

'စိတ်ချ၊ ကျုပ် ဘာတတ်နိုင်သလဲဆိုတာ ခင်ဗျားသိရလိမ့်မယ်'

ကျင်းလီက ရှေ့တိုးသွားလိုက်လေသည်၊

လူပုလေး နှာခေါင်းရှုံ့လိုက်လေ၏၊

'မင်းသတိထားပေတော့'

ကြုံးဝါးရင်း ကျောက်တုံးပေါ်မှခုန်တက်ကာ လေထဲပျံဝဲ့ရင်း ကျင်းလီအားတိုက်ခိုက်လိုက်လေသည်၊

ယနေ့တစ်ကြိမ်လည်း ခြေထောက်နှစ်ချောင်းဖြင့် အဆက်မပြတ် ကန်ကျောက်တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

ထိုခြေထောက်ကန်ချက်မှာ ပို၍ပြင်းထန်ပြီး ထိမှန်လိုက်မည်ဆိုပါက ဒဏ်ရာပြင်းပြင်းထန်ထန်ရသွားမည်မှာ သေချာပေတော့သည်။

ကျင်းလီ မဲ့ပြုံးပြုံးလိုက်သေသည်။

'ဟူး'

သူကိုယ်တိုင်လည်း လေထဲသို့ ခုန်တက်လိုက်လေသည်။

ခြေထောက်ခြေထောက်ချင်း ရင်ဆိုင်တိုက်ခိုက်လိုက်ခြင်းဖြစ်ပါတော့သည်။

လေထဲ၌ သူတို့နှစ်ယောက်ရင်ဆိုင်မိလိုက်ကြလေသည်။

သူ၏ခြေထောက်များသည် လူပုလေး၏ ခြေထောက်များကြားမှဖြတ်ကာ လူပုလေးထံသို့ တိုးဝင်သွားလေသည်။

လူပုလေး ထိတ်လန့်သွားလေသည်။

ကပျာကယာ လေထဲကျွမ်းပစ်ကာ နောက်ဆုတ်ရှောင်ရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်ပါသည်။

ကျင်းလီ၏ခြေထောက်သည်လူပုလေး၏ခြေနှစ်ချောင်းကြားမှဝင်ကာ ဝမ်းဗိုက်ဆီသို့ တိုးဝင်သွားလေသည်။

လူပုလေး ရှောင်ချိန်မရလိုက်ပါချေ။



'ဂွန်း....'

'အား....'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။

လူပုလေးသည်ကြိုးပြတ်သွားသောစွန်ကလေးပမာအဝေးသို့ လွင့်စဉ်သွားလေတော့သည်။

တိုက်ပွဲပြီးဆုံးသွားပြီဖြစ်လေသည်။

လူပုလေးကား လေထဲ၌ မနေတော့ဘဲမြေပေါ်ပြုတ်ကျသွားပြီ ဖြစ်လေသည်။

မြေပေါ်၌ ခွေခွေကလေးလဲကျကာ ညည်းတွားနေသည်။

ကျင်းလီပြေး၍ကြည့်လိုက်လေသည်။

'ခင်ဗျား ကာမှ မတတ်နိုင်ပါဘူးလို့ ကျုပ်ပြောခဲ့တာကို ခင်ဗျားမှ မယုံတာပဲဗျာ'

လူပုလေးသည် လူးလိမ့်ထရန် ကြိုးစားလိုက်သော်လည်း မဟန်နိုင်ဘဲ ပြန်လဲကျသွား၏။

ကျင်းလီ ရှေ့တိုးသွားသည်။

'ကျုပ်ကို ခြေထောက်နဲ့ တစ်ချက်ကန်ခဲ့ရင် ခင်ဗျားကိုသုံးချက်လောက် ပြန်ကန်ရမှ ကျေနပ်မယ်လို့ကျုပ်ပြောပြီးပြီလေ'

သူက ခြေထောက်ဖြင့်ကန်ကျောက်ရန် ဟန်ပြင်လိုက်လေသည်၊

လူပုလေးကား ရှောင်တိမ်းခြင်း၊ ခုခံခြင်း ပြုလုပ်နိုင်တော့မည် မဟုတ်ပါချေ၊

ကျင်းလီက ခြေထောက်ဖြင့်ကန်ကျောက်ရန်ဟန်ပြင်လိုက်စဉ်စကားသံတစ်ချက ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်၊

သူ လှည့်ကြည့်လိုက်သောအခါ အဘွားအိုတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်၊

ကျင်းလီ မဲ့ပြုံးပြုံးလိုက်သည်၊

'ခင်ဗျားက ကျုပ်ကိုဟန့်တားမလို့လား'

အဘွားအိုက ခေါင်းညိတ်လိုက်လေသည်၊

'ဟုတ်တယ်'

'ဒါဖြင့် ခဏနေပါဦးဗျာ'

ကျင်းလီက လူပုလေးအား ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေ၏၊



'ဝုန်း'

လူပုလေး အဝေးသို့ လွင့်စဉ်သွားတော့သည်၊

ကျင်းလီ၏ ခြေထောက်ကန်ချက် ပြစ်းလွန်းရကား လုံးဝမလှုပ်နိုင်ဘဲ သတိမေ့မြောသွားလေတော့သည်၊

'မင်း မင်း ဘယ်လိုလုပ်လိုက်တာလဲ'

ဤသို့ မကျေမနပ် ဖြစ်သွားလေသည်၊

ရိုပဲခနဲ ခုန်ဝင်လာပြီး ကျင်းလီ၏ရှေ့မှ လမ်းပိတ်ဟန့်တားလိုက်တော့သည်၊

ကျင်းလီ မကျေမနပ် ဖြစ်သွားသည်၊

'ကျုပ်ရှေ့က လမ်းဖယ်ပေးလိုက်ရင် ကောင်းမယ်'

'ငါက မဖယ်ဘူးဆိုရင်ကော'

'ကျုပ်က သူ့ကို ခြေတစ်ချက်ကန်ဖို့ ကျန်သေးတယ်'

'မင်း ရပ်တန့်းကရပ်ရင် ကောင်းမယ်'

'ကောင်းပြီ၊ လူပုလေးကို ဆက်ပြီးမကန်ကျောက်စေချင်ဘူးဆိုရင် သူ့ကိုယ်စား ခင်ဗျားပဲ အကန်ခံလိုက်ပေါ့'

စကားဆုံးလျှင် ကျင်းလီက ခြေထောက်ဖြင့် ကန်ကျောက်ရန် ဟန်ပြင်လိုက်သည်၊

အဘွားအို ဒေါသထွက်သွားသည်၊

'မင်း သေချင်ပြီထင်တယ်'

သူမသည် လက်ကို တစ်ချက်ဝှေ့ယမ်းလိုက်ရာ ရှမ်းခနဲ ပြည်သံနှင့်အတူ ကျာပွတ်တစ်ချောင်း လက်ထဲရောက်ရှိလာလေသည်၊

ထိုကျောပွတ်မှာ ဆူးများအပြည့်ပါသော ကျောပွတ်ဖြစ်နေပါတော့သည်။

ထိုကျောပွတ်သည် ကြောက်မက်ဖွယ် ကောင်းသော လက်နက်တစ်ခု ဖြစ်နေခြင်းကြောင့် ကျင်းလီ မျက်နှာပျက်သွားသည်၊

'မင်းက ရှေ့ကိုတစ်လှမ်းတိုးလိုက်တာနဲ့ ကျုပ်က တိုက်ခိုက်ရမှာပဲ'

ကျင်းလီ သက်ပြင်းချလိုက်သည်၊

'ကောင်းပြီလေ' ခင်ဗျားသဘောပါပဲ၊ ကျုပ်ကတော့ လူပုလေးကို နောက်ထပ် ခြေတစ်ချက်ကန်ရမှပဲ ကျေနပ်နိုင်မယ်'

စကားဆုံးလျှင် ရှေ့သို့ လျှပ်တစ်ပြက် တိုးသွားလိုက်လေသည်၊

'ရပ်လိုက်'

အဘွားအိုက ဟန့်တားလိုက်သည်၊

ကျင်းလီက မရပ်ဘဲ ရှေ့ဆက်တိုးသွားရန် ဟန်ပြင်လိုက်သည်၊

'ရှမ်း'

အဘွားအိုက ကျောပွတ်ကိုင်ပြီး ဝေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်သည်၊



ကျောပွတ်သည် မြွေဟောက်တစ်ကောင်ပမာ ကျင်းလီထံသို့ တိုးဝင်လာသည်၊

ကျင်းလီက ခေါင်းခါယမ်းလိုက်သည်၊

'ခင်ဗျားလဲ ဘာမှမတတ်နိုင်ပါဘူး'

ပြောရင်း လက်ဆန့်ထုတ်ကာ ကျောပွတ်ကို ဖမ်းဆုပ်ထားလိုက်သည်၊

ဆူးအပြည့်ပါသော ကျောပွတ်သည် ကျင်းလီ၏ ဖမ်းဆွဲခြင်းခံလိုက်ရလေသည်။

အဘွားအို အံ့ဩသွားသည်၊

'မင်း ဒုက္ခရောက်ချင်ပြီထင်တယ်'

ချက်ချင်းပင် ကျောပွတ်ကို ဆောင့်ဆွဲလိုက်၏၊

ကျင်းလီကလည်း ကျောပွတ်ကို ဆွဲထားလိုက်သည်၊

ကျောပွတ်မှာ အလွန်ခိုင်ခံ့သော လေးနှစ်ကြိုးတစ်မျိုးဖြင့် ပြုလုပ်ထားသော ကျောပွတ်ဖြစ်သည်၊

လေးနှစ်ကြိုးများကို သုံးလွန်းတင်ရစ်ရာတွင် သံစူးကလေးများကိုညှပ်ကာ ကြိုးကျစ်လာခြင်း ဖြစ်လေသည်၊

ကျင်းလီနှင့် အဘွားအိုတို့သည် အတွင်းအားအသုံးပြုကာ ကျောပွတ်ကို ဆွဲယူနေကြသည်၊

ကျင်းလီ၏ ခြေထောက်နှစ်ဖက်သည် မြေကြီးထဲသို့ တစ်လက်မခန့် နစ်ဝင်သွားသလို အဘွားအို ဦးခေါင်းပေါ်မှ အငွေ့တချောင်းချောင်း ထလာလေသည်၊

မကြာပါချေ၊

'ဖျောက်'

ကျင်းလီသည် လတ်ထဲ၌ရှိနေသောကျာပွတ်ဖြင့် အဘွားအို ထံသို့ လှမ်းပစ်လိုက်သည်။

အဘွားအိုက ကျာပွတ်တစ်ပိုင်းကို ဆုပ်ကိုင်ကာ နောက် ဆုတ်ဖို့ ကြိုးစားနေစဉ် တိုက်ခိုက်ခြင်းခံလိုက်ရသည် ဖြစ်ရကား မည်သို့ပြုလုပ်ရမှန်းမသိ ဖြစ်သွားတော့သည်၊

ကပျာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်ပါသည်၊

သံဆူးများပါသော ကျာပွတ်သည် အဘွားအိုလည်ပင်းကို ရစ်ပတ်သွားသည်၊

'အောင်မယ်လေး'

အဘွားအို့စူးရှစွာအော်ဟစ်ကာအတင်းဖြုတ်ပစ်ဖို့ကြိုးစား ရာ သံဆူးချွန်များကြောင့် လက်ဝါးနှစ်ဖက် ပေါက်ပြဲသွားသလို လည်ပင်း၌လည်း သွေးခြင်းခြင်းနီရဲသွားတော့သည်၊

ကျင်းလီက ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ပါ၊

အဘွားအို ဒေါသခြောင်းချောင်းထွက်နေသည်၊

'မင်း ကြုပ်ကြုပ်သတ္တိထား'



ကြိုးဝါးပြီး ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်၊

ကျင်းလီက ဟန့်တားခြင်းမပြုသဖြင့်တစ်ခဏလေးအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်၊

ကျင်းလီက လူပုလေးဘက်သို့ လှည့်လိုက်သည်၊

ထိုအခါ လူပုလေးလည်း ပျောက်ချင်းမလှ ပျောက်သွားပြီ ဖြစ်သည်ကို တွေ့လိုက်ရလေတော့သည်၊

## ပြိုင်ဘက်

နေဝန်းနီမှာ အနောက်ဘက်၌ တိမ်းစောင်းသွားပြီဖြစ်သည်။

ကျင်းလီသည် လေညင်းခံထွက်လာသူပမာ သာယာလှပသော တောလမ်းကလေးအတိုင်း လျှောက်လှမ်းလာခဲ့ရာ သစ်ပင် ပန်းပင်များ စိမ်းစိမ်းလန်းလန်း ရှိနေသော တောင်ကုန်းလေး တစ်ခုပေါ်ရှိ ဘုံကျောင်းကလေးနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာသည်။

ထိုဘုံကျောင်းလေးမှာ လူ့ခန္ဓာ စွန့်ခွာသွားပြီး ပျက်စီးယိုယွင်းခဲ့သော်လည်း မကြာမီက ပြန်လည်ပြင်ဆင် မွမ်းမံထားသည့် သင်္ကေတမျိုး ရှိနေသည်ကို တွေ့ရသည်။



ထိုဘုံကျောင်းလေး၌ တစ်စုံတစ်ယောက်သောသူက လာရောက် စခန်းချနေထိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ကျင်းလီက တောင်ကုန်းလေးပေါ်သို့တက်သွားကာ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များကိုရှူရှိုက်လိုက်ရလေသည်။

ကျင်းလီ လက်ပြင်း ချလိုက်လေသည်။

'အတော်ကို သာယာလှပတဲ့ နေရာတစ်ခုပဲ'

ဘုံကျောင်းလေး၏ ပတ်ဝန်းကျင်လေးက သာယာလှပနေသော်လည်း ထိုဘုံကျောင်းကို ပြုပြင်ကာ စခန်းချနေသကားမည်သည့်နည်းနှင့်မျှ လူကောင်းတစ်ယောက် မဖြစ်နိုင်ကြောင်း ကျင်းလီ သဘောပေါက်ထားလေသည်။

အကြောင်းကား....

စုစုအား ဖမ်းဆီးခေါ်ဆောင်သွားသည့်လူစုသည် ထိုဘုံကျောင်းလေး၌ စခန်းချ နေလိမ့်မည်ဟု ယုံကြည် ထားခြင်းကြောင့် ဖြစ်လေသည်။

ဘုံကျောင်းလေးသို့ လာရာလမ်းတစ်လျှောက်တွင် နှောင့်ယှက် ဒုက္ခပေးမည့်လူများနှင့် အဆက်မပြတ် ကြုံတွေ့ခဲ့ရသည် မဟုတ်ပါလား။

အန္တရာယ်များမှန်း သိသော်လည်း ကျင်းလီသည် ထိုဘုံကျောင်းလေးသို့ အဘယ်ကြောင့် ဦးတည် သွားနေရပါသနည်း။

ထိုစဉ်....

'ဪ....ညောင့်သည်ရောက်လာပြီကိုး'

ချိုလွင်သော စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်၊

ကျင်းလီ ကြည့်လိုက်သောအခါ တောင်ကုန်းပေါ်သို့တက်သည့်ကျောက်လှေကားထစ်ကွေ့ တစ်နေရာမှ မိန်းကလေး တစ်ယောက် ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်

ထိုမိန်းကလေးသည် ငယ်ရွယ်နုပျိုပြီး ချော်မောလှပသူလေး ဖြစ်သည်။

အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားသလို အနီရောင် ပန်းလေးပစ်ပွင့်ကို ဆံထုံး၌ပန်ဆင်ထားလေသည်၊

နေဝင်ဆည်းဆာ အချိန်....

သာယာလှပသော ပတ်ဝန်းကျင်နှင့် ချောမောလှပသော မိန်းကလေးမှာ ပဏာရလှပေသည်။

ကျင်းလီသည် မိန်းကလေးကို ကြည့်ကာ ပြုံးလိုက်လေသည်၊

စုစုအား ဖမ်းဆီးသွားသည့် ချူးကျန်းဂိုဏ်း၏ ပြိုင်ဘက်ရန်သူအုပ်စုတွင် ချောမောလှပသော မိန်းကလေးတစ်ယောက်လည်း ပါဝင်နေသည်ကို တွေ့ကာ ပြုံးမိလိုက်ခြင်း ဖြစ်လေသည်။



မိန်းကလေးကလည်း လှပစွာ ပြုံးကာ ခရီးဦးကြို ပြုလေသည်။

'ဒီနေရာအထိ ရောက်အောင်လာနိုင်တဲ့အတွက် ချီးကျူးပါတယ်ရှင်၊ ကျွန်မနောက် လိုက်ခဲ့ပါ'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်၊

ကျင်းလီလည်း စကားတစ်လုံးမျှမပြောဘဲ လိုက်သွားလေသည်၊

ကျောက်လှေကားထစ်များ ဆုံးသွားသောအခါ ကျောက်ဖြူပြားများ ခင်းထားသော ကွက်လပ်တစ်ခုကို ရောက်သွားသည်၊

ထို ကျောက်ပြားကွက်လပ်တွင် ကျောက်စားပွဲတစ်လုံးနှင့် ထိုင်ခုံနှစ်လုံးရှိနေသည်ကို တွေ့ရလေသည်၊

ကျောက်စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ၊ အရက်များ အဆင်သင့် ရှိနေသည်ကို တွေ့ရလေသည်၊

'ထိုင်ပါရှင်'

'မိန်းကလေးက နေရာထိုင်ခင်းပေးလေသည်၊

ကျင်းလီက ခပ်အေးအေးပင် ထိုင်ချလိုက်သည်၊

မိန်းကလေးလည်း မျက်နှာချင်းဆိုင် ထိုင်လိုက်သည်၊

ကျင်းလီကို ဦးညွတ်ကာ ကိုယ့်ကိုယ်ကိုမိတ်ဆက်လေသည်၊

'ကျွန်မ နာမည် ရှမ်းရှမ်းလို့ ခေါ်ပါတယ်၊ ရှင့် နာမည် ကျင်းလီ ဆိုတာတော့ ကျွန်မ သိပြီးပါပြီရှင်'

ကျင်းလီ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ စုစုဘယ်မှာလဲ'

'သူ ကောင်းကောင်းမွန်မွန်ရှိနေပါတယ် ရှင်၊ သူ့ကို လိုလေသေးမရှိ ပြုစုစောင့်ရှောက်ထားပါတယ်ရှင်'

'ကောင်းပြီ၊ ကျုပ် သူနဲ့တွေ့ချင်တယ်'

ကျင်းလီက ထိုင်ရာမှထရန် ဟန်ပြင်လိုက်သောအခါ မိန်းကလေး ရှမ်းရှမ်းက ဟန့်တားလိုက်လေသည်။

'ခဏနေပါဦး ရှင့်'

ကျင်းလီက ပြုံးလိုက်သည်။

'မင်း ဘာပြောချင်လို့လဲ'

'ဪ...အေးအေးဆေးဆေးထိုင်ပါဦးရှင်၊ တစ်ခုခု စားသောက်ပါဦး ညှော်ခံကျွေးမွေးပါရစေရှင်'

ကျင်းလီ မျက်မှောင်ကုတ်သွားလေသည်။

ရှမ်းရှမ်းကို ကြည့်ရသည်မှာ ပြောစရာ စကားတစ်ခုခုရှိနေပုံရကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့်....

ကျုပ်ကို ညှော်ခံကျွေးမွေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မင်းကျွေးမွေးမယ့် စားသောက်စရာတွေထဲမှာ အဆိပ်ခပ်ထားမယ်ဆိုရင် ဘယ်လိုလုပ်မလဲ'

ကျင်းလီက မေးလိုက်သောအခါ ရှမ်းရှမ်းကရယ်မောလိုက်သည်။



အင်း....ဟင်း ဟင်း ရှင့်ကို အဆိပ်ခပ်လို့ မရဘူးဆိုတာ ကျွန်မတို့ ကောင်းကောင်းကြီး သဘောပေါက် ထားကြပါတယ်ရှင်၊ အကျိုးမရှိတဲ့အလုပ်ကို ကျွန်မတို့ ဘယ်တော့မှမလုပ်ပါဘူး'

သူမသည် အရက်တစ်ခွက်ငှဲကာ ဦးစွာသောက်လိုက်သည်၊ တစ်ဖန် စားစရာအချို့ကို ယူစားလိုက်သည်၊

ထို့မျှမကသေး ငွေအပ်ကလေးတစ်ချောင်းကို ထုတ်ယူကာ အရက်အိုးထဲ နှစ်လိုက်သည်၊

စားသောက်စရာများထဲသို့လည်း ထိုးလိုက်လေသည်၊

ငွေအပ်ကလေးကား လုံးဝ အရောင်မပြောင်းပါချေ။

အရက်နှင့်စားစရာများတွင် အဆိပ်ခပ်ထားခြင်းမရှိကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်၊

ရှမ်းရှမ်းက ကျင်းလီကို ပြုံးပြလိုက်လေသည်၊

'ကဲ....ယုံပြီလားရှင်'

'ကောင်းပါပြီဗျာ'

ကျင်းလီက အရက်တစ်ခွက်ယူသောက်လိုက်သည်၊

ပြီးမှ....

'ကဲ မင်းဘာပြောချင်သသဲ ပြောပါ'

ရှမ်းရှမ်းအား မေးလိုက်လေသည်၊

ရှမ်းရှမ်း လက်ကာပြလိုက်သည်၊

'မြည်းဖြည့်ပေါ့ရှင်၊ စားစရာရှိတာစားလိုက်ပါဦး၊ ပြီးမှ ပြောကြတာပေါ့'

'ကောင်းပြီလေ'

ကျင်းလီက ပျော်ပွဲစား ထွက်လာသူမှာ စားစရာများကို အရသာခံကာ စားသောက်လိုက်လေသည်။

ရှမ်းရှမ်း ကျေနပ်သွားသည်။

'ခုလို ဧည့်ခံကျွေးမွေးတာကို လက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မပြောစရာရှိတာလေးတွေ ပြောပါ့မယ်၊ စားရင်းသောက်ရင်း နားထောင်ပါရှင်'

ကျင်းလီသဘောတူလိုက်လေသည်။

ရှမ်းရှမ်း၏မျက်နှာ တည်ကြည်သွားလေသည်။

'ကျွန်မတို့ဟာ နေမီးဂိုဏ်းက ဖြစ်ပါတယ်'

တစ်ချိန်က နေမီးဂိုဏ်းဟာ ဒီနယ်မှာသာမကဘူး၊ သိုင်းလောကမှာပါ ထင်ရှားကျော်ကြားခဲ့တဲ့ သိုင်းအဖွဲ့ကြီး တစ်ဖွဲ့ ဖြစ်ခဲ့ပါတယ်'

ကျင်းလီက နေမီးဂိုဏ်းဟူသောအမည်ကို သေသေချာချာ မှတ်သားထားလေသည်။

ရှမ်းရှမ်း ဆက်ပြောသည်။

'နေမီးဂိုဏ်းဟာ ဒီနယ်မှာ ကျော်ကြားခဲ့တယ်၊ လူတိုင်းရှိသလောက် လေးစားခဲ့တယ်၊ နေမီးဂိုဏ်းဆိုတဲ့နာမည်ကိုကြားလိုက်တာနဲ့ အားလုံး ဖိန့်ဖိန့်တုန်သွားခဲ့ကြရတာပါပဲ'



'မင်းတို့ ဒီလောက်တောင်နာမည်ကြီးခဲ့ကြရင် ဘာကြောင့် ခုလို တောထဲတောင်ထဲမှာ ပုန်းလျှိုးကွယ်လျှိုး လာနေကြရတာလဲ'

ကျင်းလီက အချက်ကျကျ မေးကိုက်လေသည်၊

ရှမ်းရှမ်း သက်ပြင်းချလိုက်လေသည်။

'နေမီးဂိုဏ်းကို အားလုံးက ကြောက်ရွံ့ ရိုသေခဲ့ကြရကား ကို မနာလိုမရှုဆိတ်တဲ့လူတွေက နေမီးဂိုဏ်းကို ရက်စက် ကြမ်းကြုတ်တဲ့ဂိုဏ်းလို့ သတင်းလွှင့်ကြတယ်၊ ထင်ရာစိုးနေပြီး တစ်နေ့သိုင်းလောကကို ဒုက္ခပေးမယ့်ဂိုဏ်းလို့ စွပ်စွဲကြတော့ သိုင်းလောကသားတွေဟာ နေမီးဂိုဏ်းကို အထင်လွဲမှားလာကြတယ်၊

ကျင်းလီ ငြိမ်နေလိုက်သည်၊

ရှမ်းရှမ်း ဆက်ပြောလာမည်ကို သိထားခြင်းကြောင့် ဖြစ်သည်။

ရှမ်းရှမ်းက....

'ဒီလိုနဲ့ သိုင်းလောကမှာသာမကဘူး၊ ဒီမှာပါ နေမီးဂိုဏ်းကို မလိုလားတဲ့လူတွေ ပေါ်ပေါက်လာတယ်၊ အထူးသဖြင့် ချူးကျန်းဂိုဏ်းဟာ နေမီးဂိုဏ်းရဲ့ပြိုင်ဘက်ဖြစ်လာတယ်'

'ကြြော်'

ရှမ်းရှမ်းတို့၏နေမီးဂိုဏ်းသည် ချူးကျန်းဂိုဏ်းအား အဘယ်ကြောင့် မကျေမနပ်ဖြစ်နေသည်မှာ ပေါ်လွင်လာလေသည်

'ချူးကျန်းဂိုဏ်းဟာ သိုင်းလောကသားတွေကိုကော ဒီနယ်က နယ်ခံသိုင်းသမားတွေကိုကော စည်းရုံးသိမ်းသွင်းနိုင်ခဲ့ကြတယ်၊ အရင်က နေမီးဂိုဏ်းကိုထောက်ခံခဲ့သူတွေကလဲ ချူးကျန်းဂိုဏ်းကို ပြောင်းလဲထောက်ခံခဲ့ကြတယ်၊ နောက်ဆုံးတော့ နေမ ဂိုဏ်းဟာ အထီးကျန်ဖြစ်သွားပြီး ချူးကျန်းဂိုဏ်း လျှမ်းလျှမ်းတောက် ကျော်ကြားသွားတော့တာပဲ'

ကျင်းလီ ပြုံးလိုက်လေသည်၊

'နေမီးဂိုဏ်းနဲ့ချူးကျန်းဂိုဏ်းလဲ ရန်သူတွေဖြစ်သွားကြတော့တာပေါ့၊ ဟုတ်လား'

'ဒါပေါ့ရှင်၊ နေမီးဂိုဏ်းကို အဘက်ဘက်ကနေပြီး စော်ကား ယှဉ်ပြိုင်လာတော့လဲ ဘယ် ခေါင်းငုံ့ခံနေလို့ဖြစ်တော့မလဲ'

'မင်းတို့ ထိပ်တိုက် ဘယ်လိုရင်ဆိုင်ခဲ့ကြသလဲဆိုတာ ပြောပါဦး'

ကျင်းလီက မေးလိုက်သည်၊

ရှမ်းရှမ်း အံကြိတ်လိုက်လေသည်။

'ကျွန်မတို့ နေမီးဂိုဏ်းချုပ်ဟာ ချူးကျန်းဂိုဏ်းချုပ်ကို စိမ်ခေါ်ပြီး ယှဉ်ပြိုင်ခဲ့တာပေါ့ရှင်'

ထိုယှဉ်ပြိုင်ပွဲ၌ နေမီးဂိုဏ်းချုပ် အရေးနိမ့်သွားခဲ့ကြောင်း ကျင်းလီသိလာလေသည်၊



'နေမီးဂိုဏ်းချုပ်နဲ့ ချူးကျန်းဂိုဏ်းချုပ်တို့ ယှဉ်ပြိုင်ကြတဲ့အခါ ချူးကျန်းဂိုဏ်းချုပ်ရဲ့လက်ချက်နဲ့ နေမီးဂိုဏ်းချုပ်အရေးနိမ့်ခဲ့ရတာပါ'

ကျင်းလီက စကားထောက်လိုက်သည်၊

'ဒါကြောင့် မင်းတို့ဟာ ချူးကျန်းဂိုဏ်းကိုမကျေနပ်ဘဲ ဒုက္ခပေးဖို့ကြံစည်နေကြတာပေါ့ ဟုတ်လား'

'ဒီလိုတော့ မပြောပါနဲ့ရှင်၊ ချူးကျန်းဂိုဏ်းကြောင့် သိုင်းလောကသားတွေကကော နယ်ခံသိုင်းသမားတွေကောအားလုံးက နေမီးဂိုဏ်းကို အထင်မှားနေကြတော့ ကျွန်မတို့ ချို့ဝှက်ပြီး လှုပ်ရှားနေကြရတာပေါ့'

'ချူးကျန်းဂိုဏ်းဟာ ဩဇာတိက္ကမ ကြီးမားနေပြီ မဟုတ်လား'

ကျင်းလီသည် ရှမ်းရှမ်း၏စကားကို လက်မခံနိုင်သော်လည်း စောဒကမတက်ဘဲနေလိုက်လေသည်၊

ရှမ်းရှမ်းက....

'ချူးကျန်းဂိုဏ်းဟာ အင်အားကြီးမားတဲ့အပြင် သိုင်းလောက မိတ်ဆွေသင်္ဂဟများတော့ ကျွန်မတို့ရဲ့ လက်တစ်ဆုပ်စာ လူစုလေးနဲ့ ရင်ဆိုင်ဖို့မလွယ်ပါဘူး၊ ကျွန်မတို့ဟာ သတ္တိကောင်းပြီး သိုင်းပညာတော်တဲ့ မိတ်ဆွေတွေ အလိုရှိနေတယ်'

ကျင်းလီ ပင့်သက်ရှိုက်လိုက်သည်၊

'ကျုပ်ကြောင့် မင်းတို့လူတချို့ ဒုက္ခရောက်သွားခဲ့ကြပြီဆိုတော့ ကျုပ်ကို မိတ်ဆွေအဖြစ် လက်ခံနိုင်ကြပါဦးမလား'

'ဒါကတော့ ရှင့်ရဲ့လုပ်ဆောင်ချက်အပေါ်မှာ မူတည်နေပါတယ်၊ ရှင်က မိတ်ဆွေဖြစ်ချင်တယ်ဆိုရင်ဖြစ်နိုင်ပါတယ်'

'ကြောင့်'

'ရှင်ဟာ နေမင်းဂိုဏ်းရဲ့အကျိုးကို ဆောင်ရွက်ပေးမယ်ဆိုရင် ပြီးခဲ့တဲ့ကိစ္စတွေအားလုံးကို မေ့ပစ်လိုက်ကြမှာပါရှင်'

ကျင်းလီ ပြုံးလိုက်လေသည်၊

'လက်စသတ်တော့ ကျုပ်ကို အသုံးချချင်နေတာကိုး'

'ရှင်ဟာ လူစွမ်းကောင်းတစ်ယောက်ပဲမဟုတ်လား'

'ဟား ဟား ဟား'

ကျင်းလီ ရယ်မောလိုက်လေသည်၊

ရှမ်းရှမ်းက တည်ကြည်သောမျက်နှာထားဖြင့် ပြောလေသည်၊

'ဘယ်လိုလဲ၊ ကျွန်မတို့အကျိုးအတွက် ရှင်ဆောင်ရွက်ပေးမယ် မဟုတ်လား'

ကျင်းလီ ခေါင်းခါယမ်းလိုက်လေသည်၊

'ဝမ်းနည်းပါတယ်၊ ကျုပ်က ဘယ်သူ့ အကျိုးအတွက်မှ ဆောင်ရွက်ပေးနိုင်မှာ မဟုတ်ပါဘူး'

'ရှင်က....'



'ကျုပ်က ကျုပ်အကျိုးအတွက်ကလွဲပြီး ဘယ်သူ့ အကျိုးအတွက်မှ ဆောင်ရွက်သွားမှာ မဟုတ်ပါဘူး'

ယခုတစ်ကြိမ် ရှမ်းရှမ်းကရယ်မောလိုက်လေသည်၊

ကျင်းလီ မျက်မှောင်ကြုတ်သွားသည်၊

'မင်းရယ်တာ အကြောင်းရှိမယ် ထင်တယ်'

'ဟုတ်ပါတယ်ရှင်'

'ဆိုစမ်းပါဦး'

'ရှင့် အကျိုးအတွက်ပဲ ဆောင်ရွက်မယ်ဆိုရင်တော့ ကျွန်မတို့ကို ကူညီဆောင်ရွက်မယ်လို့ ပြောတာနဲ့အတူတူ ဖြစ်မှာပေါ့'

'ဘာဆိုင်လို့လဲ'

ကျင်းလီက ငြင်းလိုက်လေသည်။

ရှမ်းရှမ်းက ရှင်းပြလေသည်၊

'ကျွန်မတို့ လက်ထဲမှာ စုစုရှိနေပြီလေ၊ ရှင်က သူ့အတွက် တစ်ခုခုတော့ လုပ်ပေးရမယ်မဟုတ်လား'

'ကျုပ် မလုပ်ပါဘူး'

'ဘာရှင့်'

'စုစုကို ကျုပ်ခေါ်လာတာမှန်တယ်၊ သူ့အပေါ် စိတ်ဝင်စားမိတယ်လို့ ထင်မိကယ်၊ ဒါပေမယ့် ခုတော့ ဒီလို မဟုတ်တော့ဘူး'

'ရှင်....ရှင်'

ရှမ်းရှမ်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်၊

ကျင်းလီက ဆက်ပြောလိုက်လေသည်၊

'ကျုပ် သေသေချာချာစဉ်းစားပြီးပြီ၊ တကယ်တော့ ကျုပ်ဟာ စုစုကို မေတ္တာသက်ဝင်မိတာ မဟုတ်ဘူး၊ သူ့ရဲ့အလှအပကို သဘောကျမိတာ၊ သူ့ကိုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆုံးရှုံးသွားသည်ဖြစ်စေ ကျုပ်အတွက် ဘာမှအကြောင်းမထူးဘူး'

ရှမ်းရှမ်း ခေါင်းခါယမ်းလိုက်လေသည်၊

'မင်း မယုံလဲ မတတ်နိုင်ဘူး'

'ရှင်တာ စုစုကိုလိုချင်မက်မောလို့ ချူးကျန်းတောစ်ပေါ်ကနေ အတင်းလုယူလာခဲ့တာမဟုတ်လား'

'မဟုတ်ဘူး'

'ရှင် လိမ်ပြောတာ'

ရှမ်း ရှမ်းက မကျေမနပ်ဖြစ်လာ၍ အသံ ကျယ်လောင်သွားသည်၊

ကျင်းလီ ပြယ်မောလိုက်ပြန်သည်၊

'ကျုပ်က စုစုကို အခမ့်ဖမ်းခေါ်လာတာဟာ ကျုပ်လိုချင်တယ်ဆိုရင် ဘာမဆိုရအောင် ယူနိုင်တယ်ဆိုတာကို လက်တွေ့



ပြနိုင်အောင်လို့ပဲ၊ ကျုပ်က သူ့ကိုခေါ်ပြီး ဝေးရာကို သွားမယ်ဆိုရင် သွားလို့ရောက်တာ ကြာပြီ၊ ကျုပ်နောက်ကို လိုက်နေကြတယ်၊ ကျုပ်ကိုသဲကြီးမဲကြီးဖြစ်နေကြတယ်ဆိုလို့ ကျုပ်က တမင်နောက်ကြောင်းပြန်လှည့်ခဲ့တာပဲ'

ကျင်းလီသည် မည်သို့သောလူစားမျိုးဖြစ်ကြောင်း ရှမ်းရှမ်း တဖြည်းဖြည်း ပိမိလာလေသည်၊

ကျင်းလီက ရှမ်းရှမ်းကို စိုက်ကြည့်ကာမေးလိုက်လေသည်။

'စုစု ဘယ်မှာလဲ'

ရှမ်းရှမ်း ခေါင်းညိတ်လိုက်သည်။

'ဘုံကျောင်းမှာ ရှိနေပါတယ် ရှင်'

'ကောင်းပြီ'

ကျင်းလီ ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်၊

စုစုကိုခေါ်ကာ ထွက်သွားတော့မည်ဖြစ်ပေသည်၊

သူ့အား မည်သူက တားဆီးနိုင်ပါမည်နည်း။

ရုတ်တရက်....

ကျင်းလီ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသလို ယိမ်းယိုင်သွားလေသည်၊

ရှမ်းရှမ်း ခေါင်းခါယမ်းလိုက်လေသည်၊

'ရှင့် ကို ဘယ်သူကမှ တားနိုင်မှာ မဟုတ်ဘူးလို့ ထင်ရင် ရှင် မှားသွားမှာပေါ့'

'မင်း....'

'အခု ရှင် အဆိပ်မိနေပြီလေ'

ကျင်းလီ ဘက်ပြင်းချလိုက်လေသည်။

သူ အဆိပ်မိနေပြီဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

သို့သော်...

မည်သည့်အချိန်က မည်သည့်နေရာ၌ အဆိပ်မိသွားသည်ကို သူ မသိခဲ့ပါချေ....။

ရှမ်းရှမ်းသည် အလွန်ပါးနပ်သောမိန်းကလေးတစ်ယောက် ဖြစ်ကြောင်း လက်ခံလိုက်လေတော့သည်။

ရှမ်းရှမ်းက....

'အရက်နဲ့ စားစရာတွေမှာ အဆိပ် မရှိပါဘူး။ ဒါပေမယ့် အရက်ခွက်မှာ အဆိပ် သုတ်လိမ်းထားတယ်....။ ဒါကြောင့် အဆိပ်မိသွားတာ ရှင့်'

'လက်စသက်တော့ ဒီလိုကိုး၊ ကျုပ်က အဆိပ် မိပေမယ့် မှုမယ်ထင်လို့လား'



ကျင်းလီသည် ရှမ်းရှမ်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော်....

မည်သို့မျှ မဟန်နိုင်တော့ဘဲ....

'ဝန်း....'

မြေပေါ် အရုပ်ကြိုးပြတ်လဲကျသွားနေတော့သည်။

## ခေါင်းမာတဲ့လူ

အချိန်မည်မျှ ကြာသွားမှန်းမသိ၊ ကျင်းလီ သတိရလာသောအခါ ကျောက်အခန်းတစ်ခုအတွင်း၌ ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်၊

မခမ္ဘာလင့်ဘဲ နေမီးဂိုဏ်း၏အကျဉ်းသားဘဝ ရောက်ရပြီဖြစ်လေသည်

ကျင်းလီ ဒေါသထွက်သွားလေသည်၊

'နေမီးဂိုဏ်း ဒုက္ခရောက်ချင်နေပြီကိုး'

ချက်ချင်း လူလိမ့်ထကာ တံခါးပေါက်ဆီသို့ လှမ်းသွားလိုက်၏၊



အခန်းကား ကျောက်အခန်းဖြစ်သော်လည်း တံခါးကား သံတိုင်များ ကာရံထားသော သစ်သားတံခါး ဖြစ်လေသည်၊

ကျင်းလီသည် တံခါးရှေ့သို့ ရောက်သွားလျှင် လက်ဝါးနှစ်ဖက်တွင် အတွင်းအားစုစည်းကာ ရိုက်ထုတ်လိုက်တော့သည်၊

'ဖုတ်....'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာလေသည်၊

ကျင်းလီ၏ လက်ဝါးနှစ်ဖက်စလုံး နာကျင်သွားရာ ချက်ချင်း လက်ကိုရုပ်သိမ်းကာ နောက်ဆုတ်လိုက်လေသည်၊

သစ်သား တံခါးကိုလည်းကောင်း လက်ဝါး နှစ်ဖက်ကိုလည်းကောင်း မယုံနိုင်စွာ ကြည့်လိုက်မိလေသည်၊

'ဘယ်လိုဖြစ်တာပါလိမ့်'

သူ တွေးတောနေစဉ် ရယ်မောသံများ ထွက်ပေါ်လာပြီး တံခါးပွင့်သွားလေသည်၊

မိန်းကလေးတစ်ယောက်က အခန်းတွင်းသို့ လှမ်းဝင်လာသည်ကို တွေ့လိုက်ရသည်၊

ရှမ်းရှမ်း ဖြစ်ပါသည်။

'ဟင်.... မင်း မင်း'

'ဟင်း ဟင်း.... ရှင်အံ့သြနေသလား၊ ရှင် ရိုးရိုးအဆိပ်မိ တာမှမဟုတ်ဘဲ၊ နေမီးဂိုဏ်းရဲ့အဆိပ်မိသွားတာလေ၊ အတွင်းအားတွေ တဖြည်းဖြည်း ကုန်ခန်းသွားလိမ့်မယ်၊ ရှင်ဟာ လူမမာလုံးလုံး ဖြစ်သွားပြီး အိပ်ရာထဲ လဲသွားလိမ့်မယ်၊ နောက်ဆုံး အရိုးပေါ်အရေတင် ပိန်ချုံးပြီး လူမမာလုံးလုံး ဖြစ်သွားမယ်'

ကျင်း လီဒေါပွသွားသည်။

'ကျုပ်ထက်အရင် ခင်းသေသွားရမယ်ဆိုတာ မှတ်ထား'

ရှမ်းရှမ်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ရှမ်းရှမ်း ခေါင်းခါယမ်းလိုက်သည်။

မှန်ပေသည်။ ကျင်းလီသည် တိုက်ခိုက်ရန် ဟန်ပြင်သော်လည်း အတွင်းအားကို စုစည်း၍မရနိုင်အောင် ဖြစ်နေပါတော့သည်။

ရှမ်းရှမ်းက....

'ရှင် မကြိုးစားတာကောင်းပါတယ်၊ ရှင်ဟာ အတွင်းအားထုတ်ဖော်ဖို့ ကြိုးစားနေမယ်ဆိုရင် အသက်တိုသွားလိမ့်မယ်၊ နေမီးဂိုဏ်းရဲ့အဆိပ်မိထားပြီးတဲ့နောက် ဆယ်ရက်ပဲ အသက်ရှင်မယ်၊ ဒီဆယ်ရက်အတွင်းမှာ ဝေဒနာခံစားရဦးမှာရှင့်....'



ကျင်းလီဘာမှ မပြောတော့ပါ။

ချာခနဲလှည့်ကာ အခန်းထောင့်သို့သွားပြီး ထိုင်ချလိုက်လေသည်။

'ရှင်က ကျွန်မကိုနဲ့ လက်တွဲမယ်မဟုတ်လား'

ရှမ်းရှမ်းက လှမ်းမေးလိုက်လေသည်။

ကျင်းလီ ပြုံးလိုက်သည်။

'ကျုပ်သေသွားပြီလို့သာ သဘောထားလိုက်ပါတော့'

ရှမ်းရှမ်း သက်ပြင်းချပြီး ချာခနဲ လှည့်ကာ ထွက်သွားလေတော့သည်။

ရှမ်းရှမ်း ထွက်သွားပြီဖြစ်လေသည်'

ကျင်းလီက သံမံသလင်းပြင်ပေါ်တွင် တင်ပျဉ်ခွေကာ ထိုင်လိုက်လေသည်။

တစ်ဖန်....

လက်ဝါးနှစ်ဖက်ကို ပေါင်ပေါ်တင်ကာ မျက်လုံးမှိတ်ထားလိုက်သည်။

စိတ်ကိုတည်ငြိမ်အောင်ထားပြီး အတွင်းအား ကျင့်စဉ်ကို လေ့ကျင့်လိုက်လေသည်။

ဖခင်ဖြစ်သူသင်ကြားပေးထားသော အတွင်းအားကျင့်စဉ်ကို လေ့ကျင့်လိုက်ခြင်း ဖြစ်လေသည်။

သို့ဖြင့် အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေတော့သည်။

❖

တစ်ရက်....

နှစ်ရက်....

သုံးရက်....

သုံးရက်ဟူသောအချိန်ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

ထိုသုံးရက်အတွင်း ကျင်းလီသည် အတွင်းအား ကျင့်စဉ်ကို အသုံးပြုကာ ခန္ဓာကိုယ်တဲ ရောက်ရှိနေသော အဆိပ်များကို အရေပြားရှိမွေးညှင်းပေါက်များမှတစ်ဆင့် ညှစ်ထုတ်ပစ်လေသည်။



ကျင်းလီက ရှမ်းရှမ်းရောက်ရှိလာသည့်အချိန်တွင် အဆိပ်တက်ကာ လူမမာတစ်ယောက်အသွင် တန်ဆောင်နေလိုက်လေသည်။

ကျန်အချိန်တွင် နေ့ရောညပါ အတွင်းအားဖြင့် အဆိပ်ကုသနေလိုက်လေသည်။

လေးရက်မြောက်သောနေ့တွင် ရှမ်းရှမ်း ရောက်ရှိလာပြီး ကျင်းလီအား အခန်းတွင်းမှ ခေါ်ထုတ်သွားခဲ့လေသည်။

ကျင်းလီသည် လူတစ်ယောက်နှင့် သွားရောက်တွေ့ဆုံရလိမ့်မည် ဖြစ်လေသည်။

❖

ဘုံကျောင်းလေး အရှေ့ဘက်တွင် သီးသန့်အဆောင်လေး တစ်ခု ရှိလေသည်။

ရှမ်းရှမ်းက ကျင်းလီအား ထိုအဆောင်လေးသို့ ခေါ်သွားခြင်း ဖြစ်လေသည်။

အဆောင်ကလေးမှာ သန့်ရှင်းသပ်ရပ်ပြီး လှပစွာ ပြင်ဆင်ထား၏။

ကျင်းလီ ရောက်ရှိသွားသောအခါ အဘိုးအိုတစ်ယောက်က အသင့်စောင့်ကြိုနေသည်ကို တွေ့ရသည်။

ရှမ်းရှမ်းက ဦးညွှတ်လိုက်သည်။

'ဂိုဏ်းချုပ်ကြီးနှင့် သူ့ရဲကောင်း ကျင်းလီ ရောက်လာပါပြီ ရှင့်'

အဘိုးအိုက ခေါင်းညိတ်ကာ လက်ဝှေ့ယမ်းပြလိုက်လေ သည်။

ရှမ်းရှမ်းက ဦးညွှတ်ကာ ထွက်သွားလေသည်။

အဆောင်ထဲ၌ လူရှင်းနေပြီး ကျင်းလီနှင့် အဘိုးအိုတို့ နှစ်ယောက်တည်းသာ ရှိပါတော့သည်။

အဘိုးအိုက ကျင်းလီအား လက်ယပ်ခေါ်လိုက်သည်။

'ဒီမှာ လာထိုင်ပါ'

ကျင်းလီသည် အဘိုးအိုနှင့် မျက်နှာချင်းဆိုင် သွားရောက်ထိုင်ချလိုက်သည်။

အဘိုးအိုက ကျင်းလီအား ပြုံးပြလိုက်သည်။



'ကျုပ်က မင်းကို အရက်နဲ့ဧည့်ခံချင်တာ၊ ဒါပေမယ့် မင်း လက်ခံမယ်မထင်ဘူး'

'ကျုပ် နှစ်ကြိမ် မမိုက်မဲချင်ပါဘူးဗျာ'

'ကောင်းတယ်၊ ကောင်းတယ်'

အဘိုးအိုသည် ဦးခေါင်းတဆတ်ဆတ်ညိတ်ပြီးမှ ဆက်ပြောသည်။

'ကျုပ်နာမည် လီမင်းကွမ်းလို့ ခေါ်တယ်၊ အရင်ကတော့ နေမီးဂိုဏ်းရဲ ဒုဂိုဏ်းချုပ်ပေါ့'

နေမီးဂိုဏ်းတွင် ဂိုဏ်းချုပ်မရှိတော့သဖြင့် လီမင်းကွမ်းမှာ အလိုလို ဂိုဏ်းချုပ်ဖြစ်လာရမည် မဟုတ်ပါလား။

'နေမီးဂိုဏ်းအကြောင်းကို ရှမ်းရှမ်းက ပြောပြပြီးလောက်ရောပေါ့၊ နေမီးဂိုဏ်းနဲ့ ချူးကျန်ဂိုဏ်းရဲ့ ရန်ငြိုးကို ကျုပ် လက်ဆက်မှာ ပြီးပြတ်အောင်သွားရှင်းပစ်ချင်တယ်၊ မင်းကိုလဲ နေမီးဂိုဏ်းဖက်က ပါဝင်ကူညီစေချင်တယ်'

ကျင်းလီ ခေါင်းခါယမ်းလိုက်သည်။

'ဝမ်းနည်းပါတယ်ဗျာ'

'လီမင်းကွမ်းက....

'မင်း မကူညီနိုင်ဘူး ဟုတ်လား'

'ကျုပ်က ရှမ်းရှမ်းကို ပြောပြီးပါပြီ'

'နေပါဦး၊ မင်းဟာ ချူးကျန်းဂိုဏ်းနဲ့ ပြဿနာဖြစ်ထား တယ် မဟုတ်လား၊ ဘာကြောင့် နေမီးဂိုဏ်းဘက်က မကူညီချင် ရတာလဲ၊ မင်းတစ်ယောက်တည်းနဲ့ ချူးကျန်းဂိုဏ်းကိုရင်ဆိုင် နိုင်မယ် ထင်လို့လား'

ကျင်းလီ ပြုံးလိုက်သည်။

'ကျုပ်တစ်ယောက်တည်းနဲ့ ချူးကျန်းဂိုဏ်းကို ချေမှုန်းပစ် နိုင်တယ်ဆိုတာ မှတ်ထားပါ'

လိမင်းကွမ်း သက်ပြင်းချလိုက်သည်။

'မင်းဟာ အင်မတန်ခေါင်းမာတဲ့ လူတစ်ယောက်ကို၊ ရှမ်း ရှမ်းကပြောတာ ငါမယုံခဲ့ဘူး ခုမှတော့ သက်တွေ့သိလိုက်ပြီ ပေါ့၊ မင်း ငါ့ရဲ့လူတွေကိုလဲ ကောင်းကောင်းကြီး ဒုက္ခပေး နိုင်တာပဲ၊ ကဲ.... နောက်ဆုံးအနေနဲ့ မေးလိုက်မယ်၊ ငါနဲ့ မပူး ပေါင်းနိုင်ဘူးလား'

ကျင်းလီ ခေါင်းခါယမ်းလိုက်သည်။

'ဝမ်းနည်းပါတယ်ဗျာ'



'အင်း ဒီလိုဆိုတော့လဲ ဘယ်တတ်နိုင်ပါ့မလဲ'

လိမင်းကွမ်းက လက်ခုပ်တစ်ချက် တီးလိုက်သည်။

ရှမ်းရှမ်းက အခန်းဆောင်လေးထဲသို့ ချက်ချင်းဝင်ရောက်လာ သည်။

လိမင်းကွမ်းက လက်ဝေ့ယမ်းပြလိုက်သည်။

ရှမ်းရှမ်းက ကျင်းလီအနီးသို့ ချဉ်းကပ်လာသည်။

'ကဲ.... ကျွန်မတို့ သွားကြပါစို့ရှင်'

ကျင်းလီ ပြုံးလိုက်သည်။

စကားတစ်လုံးမျှမပြောဘဲ ရှမ်းရှမ်းနှင့်အတူ လိုက်သွား လေတော့သည်။

လှပသန့်ရှင်းသော အဆောင်လေးသည် အနောက်ဘက် တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ကျင်းလီနှင့် ရှမ်းရှမ်းတို့လည်း ပန်းခြံချင်းယှဉ်ကာ လျှောက် လာခဲ့ကြသည်။

အလာလမ်းအတိုင်းမဟုတ်ဘဲ အခြားလမ်းတစ်ခုမှ ခေါ် သွားခြင်းကြောင့် ကျင်းလီက မေးလိုက်သည်။

ကျုပ်ကို ဘယ်ခေါ်သွားမလို့လဲ'

ရှင်းရှင်း ရယ်မောလိုက်သည်။

'ဘာလဲ၊ ရှင်က ဟိုအခန်းကျဉ်းလေးထဲကို ပြန်သွားချင်လို့လားရှင်'

'နောက်ဆုံး အဲဒီအခန်းလေးကိုပဲ ဖွင့်ပေးမှာမဟုတ်ဘူးလား'

'ဟုတ်ပါတယ်ရှင်'

'ဩော်.... ကျုပ်အပေါ် ဒီလောက်စေတနာကောင်းမယ်မထင်ဘူး၊ အခန်းကျဉ်းလေးထက် ပိုဆိုးတဲ့အခန်းကို ပို့လိုက်မှာပဲ မဟုတ်လား'

ရှမ်းရှမ်း မငြင်းပါချေ။

'ဟုတ်ပါတယ်ရှင်'

ကျင်းလီ ပခုံးတွန့်လိုက်သည်။

'ကျုပ်အပေါ် ဘာကြောင့်များ ဒီလောက်တောင် သဲကြီးမဲကြီး ဖြစ်နေကြတာလဲ၊ ကျုပ်ထက်ပိုပြီး မင်းတို့ကိုကူညီနိုင်မယ့်လူ မရှိတော့ဘူးလို့ ထင်နေကြတာလား'

ရှမ်းရှမ်း ခေါင်းညိတ်လိုက်သည်။

ဂိုဏ်းချုပ်ကြီးကတော့ ရှင်ပြောတဲ့အတိုင်း ယူဆနေတာပါပဲ ရှင်'



'ဟား ဟား ဟား ဟား'

ကျင်းလီက ဟားတိုက်ရယ်မောလိုက်သည်။

ရှမ်းရှမ်း သက်ပြင်းချလိုက်သည်။

'ကျွန်မရဲ့အဆိပ်ကို ကျွန်မ တော်တော်ယုံကြည်ထားတာ၊ ဒါပေမယ့် ရှင်နဲ့တွေ့တော့ ဘာမှမစွမ်းဆောင်နိုင်ပါလားရှင်'

ကျင်းလီက သူမအား စိုက်ကြည့်လိုက်သည်။

ရှမ်းရှမ်းက ဆက်ပြောလိုက်သည်။

'ရှင့်ရဲ့ အတွင်းအားကျင့်စဉ်ကတော်တော်စွမ်းတာပဲ၊ ခန္ဓာကိုယ်ထဲကအဆိပ်တွေကိုတောင် ထုတ်ပစ်နိုင်တယ်'

ကျင်းလီကရယ်မောလိုက်ပြန်သည်။

'ချူးကျန်းဂိုဏ်းရဲ့အတွင်းအားက ပိုကောင်းတယ်၊ ထိုက်ကျိဂိုဏ်းရဲ့အတွင်းအားက ပိုကောင်းသေးတယ်'

ရှမ်းရှမ်းက....

'ရှင်က သခင်မလေးရဲ့ချစ်သူ သူရဲကောင်းလုထင်းကိုရည်ရွယ်ပြီး ပြောတာထင်တယ်'

ကျင်းလီက ဝန်မခံဘဲနေလိုက်လေ၏။

ချူးကျန်းတောင်ပေါ်တွင် လုထင်းနှင့် တွေ့ခဲ့ရပြီး အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရသည်ကိုမည်သည့်နည်းနှင့်မျှမေ့ပျောက်နိုင်မည် မဟုတ်ပါချေ။

'သူရဲကောင်းလုထင်းဟာသိုင်းလောကရဲ့ လူငယ်လူရွယ်တွေထဲမှာ ပြိုင်ဘက်ကင်းတဲ့သိုင်းသမားအဖြစ် ထင်ရှားတယ်၊ ရှင်ကရော၊ သူ့လောက် နာမည်ကြီးနိုင်ပါ့မလား'

ကျင်းလီ၏မျက်နှာနီရဲလာလေသည်။

'လုထင်းဟာ ချူးကျန်းဂိုဏ်းဘက်က ပါဝင်ကူညီလိမ့်မယ်၊ ချူးကျန်းဂိုဏ်းရဲ့ရန်သူတွေကို ချေမှုန်းဖျက်ဆီးပစ်လိမ့်မယ်'

'စိတ်ချ၊ ကျုပ်က သူ့ကိုရင်ဆိုင်သွားမှာပါ၊ ဒါပေမယ့်.... နေမီးဂိုဏ်းအတွက်တော့ မဟုတ်ဘူး'

ရှမ်းရှမ်းက ခေါင်းညိတ်လိုက်လေသည်၊

'ကျွန်မ သဘောပေါက်ပါတယ်၊ စုစုကြောင့် မဟုတ်လား'

'မဟုတ်ဘူး'

ရှမ်းရှမ်းယောင်နိုင်အောင်ဖြစ်သွားသည်။

ကျင်းလီကို စိုက်ကြည့်ဟာမေးလိုက်လေသည်၊

'ကျုပ်က ဘာကြောင့် လုထင်းကို ရင်ဆိုင်ချင်တယ် ဆိုတာမင်းသိပါတယ်'

စကားဆုံးလျှင် ခပ်သွက်သွက် လှမ်းထွက်သွားလေသည်၊



ရှမ်းရှမ်း ခြေလှမ်းရပ်သွားသည်၊
'ရှင်က ဘယ်သွားမလို့လဲ'

သူမ လှမ်းမေးလိုက်သော်လည်း ကျင်းလီက အဖြေမပေးချေ။

ဘုံကျောင်းလေးကိုကျောခိုင်းကာ ထွက်သွားခြင်းဖြစ်လေသည်၊

'ရှင်ဘယ်သွားမလို့လဲ'

သူမ၏အသံက ပိုပြီးကျယ်လောင်လာလေသည်၊

သူက ရှေ့ဆက် လျှောက်သွားဆဲ၊

မည်သူ့ကိုမှ ဂရုမစိုက်ဘဲ ထွက်သွားတော့မည့်သဘောဖြစ်သည်၊

ရှမ်းရှမ်း မနေနိုင်တော့ပါချေ။

'ရပ်လိုက်စမ်း'

အော်ခေါ်ကာ မြေပေါ်ခြေဆောင့်ကာ ခုန်လိုက်လေသည်။

'ဟူး'

သူမ၏ခန္ဓာကိုယ်သည် လေထဲရိပ်ခနဲလူပ်ရှားသွားပြီးလျှင် ကျင်းလီ၏ရှေ့သို့ ရောက်သွားကာ လမ်းပိတ်ထားပြီးသား ဖြစ်သွားလေတော့သည်၊

ကျင်းလီ ခြေလှမ်းရပ်လိုက်သည်၊

ရှမ်းရှမ်းအားစိုက်ကြည့်ပြီး ဝဲဘက်မှကွေ့ရှောင်ကာ ထွက်သွားရန်ဟန်ပြင်လိုက်လေသည်၊

'ရှင် သွားလို့မရဘူး'

သူမက လမ်းပိတ်ဟန့်တားလိုက်ပြန်သည်။

ကျင်းလီ ပြုံးလိုက်သည်၊

'မင်း တားနိုင်ရင် ကျုပ်ထွက်မသွားပါဘူးလေ'

'ဩော်....ဒီလိုလား။ ကောင်းပြီ၊ ရှင်ထွက်သွားလို့ရရင် သွားပေတော့'

ရှမ်းရှမ်းက စတင် တိုက်ခိုက်လိုက်လေတော့သည်၊

လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ တိုက်ခိုက်လိုက်ခြင်းဖြစ်ရာ ပြင်းထန်နေပေသည်၊

ကျင်းလီက အမှုမထားဘဲ အသာအယာ ရှောင်တိမ်းပေးလိုက်လေသည်၊

သူမ ခံပြင်းသွားသည်၊

'ရှင် ဘယ်လောက်ရှောင်နိုင်မလဲ၊ ကြည့်ကြသေးတာပေါ့' ခါးမှဓားကို ချွမ်းခနဲမြည်အောင်ဆွဲထုတ်ကာတိုက်ခိုက်လိုက်လေသည်၊

ဝင်းလက်တောက်ပသော ဓားရောင်မျှ ထွက်ပေါ်လာလေသည်၊



ကျင်းလီက နောက်ဆုတ်လိုက်သည်၊

'ဘုတ်'

မြေပေါ်ခြေချောင်းကာ အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ခုန်တက်လိုက်သည်။

ထိုနောက်....

သစ်ကိုင်းတစ်ကိုင်းမှတစ်ကိုင်းခုန်ကူးကာ အဝေးသို့ ရှောင်ထွက်သွားလေသည်။

ရှမ်းရှမ်း ဒေါသတကြီးဖြစ်ကာ လိုက်သွားရန် ဟန်ပြင်လိုက်လေသည်၊

ထိုစဉ်....

'မင်းလိုက်သွားစရာမလိုတော့ပါဘူး'

စကားသံတစ်ချက်ထွက်ပေါ်လာသဖြင့် လှည့်ကြည့်လိုက်ရာ လီမင်းကွမ်းရောက်ရှိလာသည်ကိုတွေ့လိုက်ရလေသည်၊

'ဂိုဏ်းချုပ်ကြီး'

ရှမ်းရှမ်းသည် မြေပေါ်သို့ ဒူးထောက်ချကာ အရိုအသေပြုလိုက်သည်၊

လီမင်းကွမ်းက ပြုံးလိုက်သည်။

'ရှမ်းရှမ်း၊ မင်းတာဝန်ကျေပါတယ်၊ လိုက်သွားစရာမလိုတော့ပါဘူး၊ ရဲသားရှစ်ယောက်က သူ့ကိုတာဝန်ယူပါလိမ့်မယ်'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး'

သူ့က ကျင်းလီထွက်သွားရာဘက်သို့ လှမ်းကြည့်လိုက်ရာ ကျင်းလီ၏အရိပ်အယောင်ကိုပင်မတွေ့ရတော့ချေ။

ကျင်းလီသည် နေမီးဂိုဏ်း၏လက်ထဲမှ လွတ်မြောက်သွားနိုင်ခြင်းမရှိကြောင်း သူမ ယုံကြည်ထားလေသည်။

❖

## ငရဲလမ်းမှ မျက်နှာဖုံးရှင်

'ဟူး....ဟူး'

အဝတ်အစားလေတိုးသံများထွက်ပေါ်နေသည်။

လူရိပ်တစ်ခုသည် သစ်ပင်တစ်ပင်မှ တစ်ပင်သို့ လျင်မြန်စွာခုန်ကူးသွားလေသည်။

ထိုလူမှာ....

ကျင်းလီ ဖြစ်လေသည်။

ကျင်လီသည် အတော်ဝေးဝေးသို့ရောက်လာတော့မှ သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်သည်။

မြေပေါ်သို့ ခြေချမိလျှင် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

သာယာလှပသော တောင်ကြားတစ်ခုအတွင်းသို့ ရောက်ရှိနေသည်ကိုတွေ့လိုက်ရလေသည်။

နေမီးဂိုဏ်း၏ ဘိုကျောင်းကိုမူ မတွေ့ရတော့ချေ။
'နေရစ်ခဲ့ပေတော့ နေမီးဂိုဏ်းရေ'

ကျင်းလီသည် စိတ်ထဲမှ ရေရွတ်လိုက်ပြီး တောင်ကြားအတိုင်း ရှေ့ဆက်လျှောက်သွားလိုက်လေသည်။

တောင်ကြားလမ်းအတွင်း၌ သစ်ပင်ငယ်များ၊ ပန်းပင်ငယ်များရှိပြီး ကျောက်တုံး ကျောက်ခဲ ပေါများလှသည်။

ကျင်းလီလှမ်းလာရင်း ပူလောင်အိုက်စပ်လာသည်ဟုခံစားလာရလေသည်။

သစ်ပင် ပန်းပင်များကိုလည်း တဖြည်းဖြည်း မတွေ့ရတော့ပါ....။

မြေကြီးသည် အနီရောင်ဖြစ်လာသည်။

ထို့အပြင် အရှေ့ဘက်မှတဝုန်းဝုန်းမြည်သံများထွက်ပေါ်နေသည်ကိုသည်း ကြားရလေသည်။

'ဘာဖြစ်တာပါလိမ့်'

ကျင်းလီက အပူဒဏ်ကို အမှုမထားဘဲ ရှေ့ဆက်သွားလိုက်ရာ မကြာပါချေ။



ထူးဆန်းသော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

မြေပေါ်မှ အခိုးအငွေ့များ မီးတောက်မီးလျှံများ ပန်းထွက်နေလေယည်။

တောင်ကြား၏ ဝဲယာ တစ်ဖက်တစ်ချက် တောင်နံရံ ချော်ရည်ပူများ စီးကျနေသည်ကိုလည်း တွေ့ရလေသည်။

ဝန်းကျင်တစ်ခုလုံး မခံမရပ်နိုင်အောင် ပူလောင်နေရာ ကျင်းလီ ရှေ့မတိုးဝံ့တော့ဘဲ နောက်ပြန် ဆုတ်လိုက်ရလေသည်။

ထိုစဉ်....

'ဝုန်း....ဝုန်း....ဝုန်း'

ကျယ်လောင်သော ပေါက်ကွဲသံများ ထွက်ပေါ်လာကာ

သူ၏အနောက်ဘက်မှ မြေကြီးများပေါက်ကွဲကာ မြေကြီးများ ဖွားခနဲ ဖွားခနဲ လွင့်စဉ်သွားလေသည်။

မီးတောက်မီးလျှံများ အခိုးအငွေ့များလည်း ထွက်လာသည်။

'ဟာ'

ကျင်းလီ လွတ်ခနဲ အော်လိုက်လေသည်။

မီးတောင်မြေထဲသို့ မမျှော်လင့်ဘဲ ရောက်ရှိလာသည်မဟုတ်ပါလား။

ယနေ့ကဲ့သို့ ကြုံတွေ့ရမည်ဟု ကျင်းလီ လုံးဝ မမျှော်လင့်ခဲ့ပါချေ။

ပေါက်ကွဲလောင်ကျွမ်းနေသော မီးမတောင်မြေထဲမှ ထွက်သွားဖို့ မလွတ်တော့မှန်း ရိပ်မိလိုက်သည်။

ထိုအချိန်မှာပင်....

'ဟား...ဟား...ဟား'

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသလို လူရိပ်များ ရိပ်ခနဲ ရိပ်ခနဲ ရောက်ရှိလာကြသည်ကို တွေ့လိုက်ရသည်။

အလွန် ကြောက်မက်ဖွယ် ကောင်းသော ငရဲသားအသွင် ဝတ်ဆင်ထားကြသူများဖြစ်လေသည်။

ထိုလူများ၏အဝတ်အစားမှာ အပူဒဏ်ကိုခံနိုင်အောင်စီစဉ်ထားသော အဝတ်အစားများ ဖြစ်ကြောင်းလည်း ကင်းလီ သတိပြုမိလိုက်သည်။

သူတို့ ရှစ်ယောက်သည် ခက်ရင်းခွသဏ္ဌာန် လက်နက်များကိုင်ဆောင်ကာ ကျင်းလီအား ဝိုင်းရံထားလိုက်ကြသည်။

ကျင်းလီ နှာခေါင်းရှုံ့လိုက်သည်။

'နေမီးဂိုဏ်းရဲ့ အစွမ်း ဒါအကုန်ပဲလား'

ထိုလူရှစ်ယောက်အနက် တစ်ယောက်က ရှေ့သို့ တိုးလာသည်။



'ကျင်းထွ မင်းအညှံခံလိုက်ရင်ကောင်းမယ်'

'တာဗျ....ကျုပ်က ကြောက်နေရမှာလား'

ကျင်းလီသည် ဒေါသထွက်နေသည့်အလျောက် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတဲ့ စတင်တိုက်ခိုက်လိုက်လေသည်။

အန္တရာယ်များလှသော မီးလောင်မြေအတွင်း၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေသည်။

ကျင်းလီမှာ အဆိပ်မိခဲ့ခြင်းကြောင့် အတွင်းအားကိုအပြည့်အဝ အသုံးမပြုနိုင်သဖြင့် အခက်ကြုံသွား၏။

သို့သော် ခေါင်းမာသူ ဖြစ်သည့်အတိုင်း အရှုံမထားဘဲ တရကြမ်းတိုက်ခိုက်လိုက်လေသည်။

'ဝုန်း....ဝုန်း'

ပေါက်ကွဲသံများ၊ မီးခိုးများ မီးတောက် မီးလျှံများ ထွက်ပေါ်နေလေသည်။

မီးခိုးများ၊ မီးတောက်များကြား၌ ယှဉ်ပြိုင်တိုက်ခိုက်နေရသည်ကား အန္တရာယ်များလှပါတော့သည်။

'ဝုန်း....ဝုန်း'

'ချွမ်း....'

ကျင်းလီက တစ်ဇွတ်ထိုး တိုးဝင်ကာ ရန်သူတစ်ယောက်၏ လက်ထဲမှ ခက်ရင်းခွကိုလုယူပြီး ထိုးစိုက်ချလိုက်သည်။

'အား'

ဆူးရှသော အော်ဟစ်သံ ထွက်ပေါ်လာကာ ထိုလူမှာမြေပေါ်လဲကျသွားလေသည်၊

ထိုစဉ်....

'ဝုန်း....'

ပေါက်ကွဲသံနှင့်အတူ မီးလျှံများ မီးခိုးငွေ့များ ထွက်ပေါ်လာကာ ကျင်းလီ၏ တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်၊

ရဲရဲနီသော မြေစိုင်ခဲအချို့သည် ကျင်းလီအား ထိမှန်သွားလေသည်၊

'အား'

ကျင်းလီ ဆူးရှစွာ အော်ဟစ်ကာ အဝေးသို့ စဉ်သွားလေသည်။

'ယား....'

ငရဲသားအသွင်ဝတ်ဆင်ထားကြသူများက ညာသံပေးကာ ရှေ့တိုးလာကြပြီး ကျင်းလီအား တိုက်ခိုက်လိုက်ကြသည်၊

ကျင်းလီမှာ အဝတ်အစားများ မီးကျွမ်းသွားပြီး တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် ပူလောင်သွားခြင်းကြောင့် မြေပေါ်လူးလိမ့်ကာ ငြိမ်းသတ်လိုက်ရလေ့သည်၊

ဘစ်ဆက်ဟည်းပင် ဝိုင်းရံလာသော ရန်သူများထံသို့ လက်ထဲမှ ခက်ရင်းခွဖြင့် ပစ်လိုက်လေသည်၊

'ဗြီး....'



'ဒုတ်....အား'

အလောတကြီး တိုးဝင်လာသူတစ်ယောက်မှာ ခက်ရင်းခွထိမှန်ကာ မြေပေါ် လဲကျသွားလေသည်၊

ကျင်းလီက မြေပေါ်မှ ခုန်ထကာ ရှောင်ထွက်သွားရန် ကြိုးစားလိုက်စဉ်မှာပင် ငရဲသားအသွင် ဝတ်ထားသူ ခြောက်ယောက်က တစ်ဟုန်ထိုး တိုးဝင်လာပြီး ခက်ရင်းခွလက်နက်များဖြင့် ထိုးသွင်း တိုက်ခိုက်လိုက်ကြလေသည်၊

ကျင်းလီအခက်ကြုံသွားကာ ရှောင်တိမ်းနိုင်စွမ်းမရှိအောင်ဖြစ်သွားလေတော့သည်။

ကျင်းလီမှာ ရန်သူ၏လက်ထဲ မရှုမလှ အရေးနိမ့်သွားရတော့မည် ဖြစ်လေသည်၊

ထိုအချိန်မှာပင်....

'ဂွစ်....ဂွစ်....ဂွစ်'

ဆူးရှသော လေတိုးသံများ ထွက်ပေါ်လာသည်၊

လူရိပ်တစ်ခု ရိပ်ခနဲရောက်ရှိလာပြီး ကျင်းလီ၏ ရန်သူများအားတိုက်ခိုက်လိုက်လေသည်၊

မမျှော်လင့်ဘဲ တိုက်ခိုက်ခြင်း ခံလိုက်ရသဖြင့်–

'အား....'

'အမယ်လေး....'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ ရန်သူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြတော့သည်။

ကျောင်းလီအံ့သြသွားလေသည်။ သူ့အား မည်သူက ကူညီလိုက်ပါသနည်း။

'ဝှစ်....'

ရုတ်တရက် ပစ်လွှင့်လာသော မြေစိုင်ခဲတစ်ခုက ကျောင်းလီ၏ ဦးခေါင်းကို ထိမှန်သွားသောအခါ မိုက်ခနဲဖြစ်သွားပြီး မြေပေါ်လဲကျသွား၏။

ထို့နောက် ဘာဆိုဘာမျှ မသိနိုင်တော့တဲ့ အရာရာ အားလုံးမှောင်အတိ ကျသွားလေတော့သည်။

အချိန်မည်မျှကြာသွားမှန်းမသိ။

ကျောင်းလီသတိရလာသောအခါ တဝေါဝေါမြည်[illegible] နေသော ရေတံခွန်ကြီးတစ်ခုအနီးသို့ရောက်ရှိနေသည်ကို တွေ့ရသည်။

အပူဒဏ်သက်သာလာပြီဖြစ်သလို အပူလောင်မှုဒဏ်ကြောင့် ရရှိထားသောဒဏ်ရာများလည်း သက်သာနေသည်။



ထိုမျှမကသေး။

အဆိပ်ဝေဒနာကို မခံစားရတော့သည့်အပြင် အတွင်းအား တိုးတက်နေသည်ဟု ဆင်ခြင်မိလိုက်လေသည်။

အဘယ်ကြောင့် ထိုသို့ဖြစ်သွားရပါသနည်း။

ကျောင်းလီ မယုံနိုင်အောင်ဖြစ်နေစဉ်မှာပင်....

'မင်း သက်သာသွားပြီလား'

စကားသံတစ်ချက် ထွက်ပေါ်လာ၍ လှမ်းကြည့်လိုက်ရာ မလှမ်းမကမ်း၌ ရပ်နေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ အနက်ရောင်ဝတ်ထားကာ မျက်နှာကိုပဝါနက် စည်းနှောင်ပြီး ရုပ်ဖျက်ထားလေသည်။

ကျောင်းလီ မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျားက ကျုပ်ကို ကယ်တင်ခဲ့တာလား'

ထိုလူက ခေါင်းညိတ်လိုက်သည်။

'ငါခေါ်မလာရင် မင်းတစ်ကိုယ်လုံး မီးကင်ပြီးသားဖြစ်သွားလောက်ပြီပေါ့'

ကျောင်းလီ ဘာမျှမပြောတော့ပါ။ ထိုလူအားကျော်ခိုင်းကာ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

'မင်း ဘယ်သွားမလို့လဲ'

ထိုလူက လှမ်းမေးလာသည်။

ကျောင်းလီက မဲ့ပြုံးပြုံးလိုက်လေသည်။

‘မီးတောင်ကြားထဲကို ပြန်သွားမလို့ပေါ့’

‘နေပါဦး၊ ဒီလောက် အန္တရာယ်များတဲ့နေရာကို မင်းကဘာကြောင့်များပြန်သွားချင်ရတာလဲ’

‘ကျုပ်က သူများကူညီတာကို ဘယ်တော့မှ လက်မခံဘူးဆိုတာ မှတ်ထားပါ’

ကျင်းလီ မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်လေသည်၊ ထိုလူက ရယ်မောလိုက်သည်၊

‘ကျုပ်ကလဲ မင်းကို ကယ်တင်ချင်လို့ကယ်တင်တာမဟုတ်ပါဘူးလေ’

‘ဘာဗျ’

‘ကျုပ်က နေမီးဂိုဏ်းကို ဆုံးမဖို့လာခဲ့တာ၊ မင်း ဒုက္ခရောက်နေတာကိုတွေ့လို့ ကူညီလိုက်တာ’

‘လက်စသတ်တော့ ခင်ဗျားဟာ နေမီးဂိုဏ်းရဲ့ ရန်သူကိုး’ ထိုလူ ခေါင်းညိတ်လိုက်လေသည်၊

‘ဟုတ်တယ်၊ ကျုပ်ကို ချူးကျန်းဂိုဏ်းက အကူအညီတောင်းတာနဲ့ လာခဲ့တာ’

‘ဪ.... ချူးကျန်းဂိုဏ်းနဲ့လဲ ပတ်သက်နေတာကိုး’ ထိုလူက ရှင်းပြလေသည်၊

‘နေမီးဂိုဏ်းက သခင်မလေးစုစုကို ဖမ်းဆီးထားတယ်၊ သူ့ကို ကယ်တင်ပေးဖို့ အကူအညီတောင်းတာနဲ့ လာခဲ့တာ’



ကျင်းလီ နှာခေါင်းရှုံ့လိုက်သည်၊

‘ခင်ဗျားက ကယ်တင်နိုင်မယ် ထင်လို့လား’

‘ကျုပ်မကယ်ရင် ဘယ်သူကယ်တင်နိုင်မလဲ’

‘ကျုပ်ပေါ့’

ကျင်းလီက ရင်ကော့ပြီးပြောလိုက်လျှင် ထိုလူ ရယ်မောလိုက်လေသည်၊

‘ဟား ဟား ဟား’

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကျင်းလီ မကျေမနပ် ဖြစ်သွားသည်။

‘ဘာလဲ၊ ကျုပ်က မကယ်တင်နိုင်ဘူး ထင်လို့လား’

‘ဟင်း ဟင်း၊ ဒီလိုတော့ မထင်ပါဘူး’

‘ဒါဖြင့် ခင်ဗျားက ဘာသဘောလဲ’

‘ကျုပ်က မင်းနဲ့ယှဉ်ပြီး ဘယ်သူက သခင်မလေးစုစုကို ကယ်တင်နိုင်မလဲဆိုတာ စမ်းကြည့်ချင်လို့ပါ’

‘ဟား ဟား ဟား’

ကျင်းလီသည် ကောက်ကာငင်ကာ ရယ်မောလိုက်သည်။

‘စိန်လိုက်လေ၊ ဘယ်သူကယ်တင်နိုင်မလဲ ကြည့်ကြသေးတာပေါ့’

‘ကောင်းပြီ၊ ကျုပ်သွားတော့မယ်၊ မင်းစကားကို မင်းမှတ်ထားပေတော့’

စကားဆုံးလျှင် ထိုလူသည် ခန္ဓာကိုယ်တစ်ချက်ကို လှုပ်ရှားလိုက်ရာ အဝေးသို့ ရောက်ရှိသွားလေသည်။

ကျင်းလီ သက်ပြင်းချလိုက်သည်။

'ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာအင်း ဒီနယ်မှာ အဆင့်မြင့် သိုင်းသမားတွေ ရောက်လာပြီဆိုတော့ သတိထားမှ ဖြစ်တော့မယ်'

တီးတိုးရေရွတ်ကာ 'နေမီးဂိုဏ်းတည်ရှိသည့် ဘုံကျောင်းဆီသို့ ခြေဦးပြန်လှည့်လိုက်တော့သည်။

## အကြံသမား

သီးသန့်အဆောင်လေးအတွင်း၌ လီမင်းကွမ်း တစ်ယောက် တည်ငြိမ်စွာ အရက်သောက်နေလေသည်။

သူ၏မျက်နှာက တည်ကြည်လေးနက်နေသည်။

သူက ကျင်းလီအကြောင်း တွေးတောစဉ်းစားနေခြင်းလည်း ဖြစ်ပေသည်။

ကျင်းလီသည် လူငယ်တစ်ယောက် ဖြစ်သော်လည်း ခေါင်းမာပြီး သိုင်းပညာတော်သူတစ်ယောက် ဖြစ်နေသည်။

ကျင်းလီအား နေမီးဂိုဏ်းသို့ ချောက်အောင် မျှားခေါ်လာရာတွင် နေမီးဂိုဏ်းမှ ထိပ်သီးသိုင်းသမားအချို့ ထိခိုက်ဒဏ်ရာ ရခဲ့ကြစေသည်။

ယခုမည်း ငရဲသားရှစ်ယောက်ဟု အမည်ပေးထားသော သိုင်းသမားရှစ်ယောက်အား ဆုံးရှုံးလိုက်ရပြီ ဖြစ်လေသည်။

လိမင်းကွမ်းသည် ကျင်းလီ၏အကြောင်းကို တွေးနေရာ သူ၏ရှေ့၌ ရောက်နေသည့် ညှို့သည်ကိုပင် မေ့လျော့သလို ဖြစ်နေရပါတော့သည်။

'ခင်ဗျား ဘာတွေစဉ်းစားနေတာလဲ၊ ကျုပ်ပြောတာကို ရော ကြားရဲ့လား'

ညှို့သည်ဖြစ်သူ၏ စကားသံ ထွက်ပေါ်လာမှ လိမင်းကွမ်း သတိဝင်လာသည်။

'ဩော်.... အင်း.... အင်း ကျုပ်ကြားလိုက်ပါတယ်၊ ကျင်းလီဟာ သာမန်လူတစ်ယောက် မဟုတ်ဘူး၊ တောင်ပိုင်းနယ်စားလေး ဆိုတာလား'

'ဟုတ်တယ်၊ သူ့အကြောင်းကို ဒီဒေသမှာ ဘယ်သူမှ မသိကြဘူး၊ တကယ်တော့ ကျင်းလီဟာ တောင်ပိုင်းနယ်စားလေးပဲ ဖြစ်တယ်'

လီမင်းကွမ်း သက်ပြင်းချလိုက်လေသည်။

'မိတ်ဆွေကြီး ပြောလို့သာပေါ့၊ ကျုပ်ဖြင့် ယုံရခက်ခက်ပဲ၊ ကျင်းလီဟာ နယ်စားလေးတစ်ယောက်နဲ့ တူတဲ့လူမှမဟုတ်ဘဲ'

ညှို့သည်က....

'ခင်ဗျား အခုတော့ သိပြီမဟုတ်လား'

'ကောင်းပြီလေ၊ ကျုပ် ဘာဆက်လုပ်ရမလဲ ပြောပါ'



'ခင်ဗျားလုပ်ရမှာက ကျင်းလီ နာမည်ပျက်ပြီး ဒုက္ခရောက်အောင် လုပ်ဖို့ပဲ'

လီမင်းကွမ်း မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

'ကျင်းလီဟာ ဒီနယ်မှာလာပြီး သောင်းကျန်းခဲ့တယ်၊ သူဟာ ချူးကျန်းဂိုဏ်းကသခင်မလေးကိုလဲ အဓမ္မခိုးယူခဲ့တယ်၊ ဒီကိစ္စ စင်ကျန်ခရိုင်တစ်ခုလုံးသိသွားအောင်လုပ်ရမယ်'

လီမင်းကွမ်း ခေါင်းခါယမ်းလိုက်သည်။

'ဒါတော့ မဖြစ်ဘူးထင်တယ်'

'ဘာဖြစ်လို့လဲ'

'ကျင်းလီကို ကျုပ်တို့ နေမီးဂိုဏ်းအတွက်အသုံးချဖို့ လိုအပ်နေသေးလို့ပေါ့၊ သူဟာ တစ်ဇွတ်တိုးသမား၊ ခေါင်းမာတယ်၊ ဘာပဲဖြစ်ဖြစ် တစ်နေ့ ကျုပ် စည်းရုံးသိမ်းသွင်းနိုင်လိမ့်မယ်၊ သူဟာ ကျုပ်အတွက် အသုံးဝင်မယ့်လူတစ်ယောက် ဖြစ်နေတယ်'

ညှို့သည်က ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား'

လီမင်းကွမ်း မျက်နှာပျက်သွားသည်။

'မိတ်ဆွေ....ကျုပ်ရဲ့ စကားကို ဘယ်သူကမှ ပြက်ရယ်မပြုရဲကြပါဘူးဗျ'

ညွှန့်သည်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ....ကျုပ်ကလဲ ပြက်ရယ်ပြုတာမဟုတ်ပါဘူး၊ ကျုပ်ပြောချင်တာက ခင်ဗျားရဲ့လိုအင်ဆန္ဒတွေအားလုံး ဖြည့်ဆည်းပေးနိုင်မယ့်လူ တစ်ယောက်လုံး ခင်ဗျားရှေ့မှာ ရောက်နေတာတောင် ခင်ဗျားက ကျင်းလီကို မျှော်လင့်နေလို့ပါ'

လီမင်းကွမ်းက...

'ခင်ဗျားဟာ ကျုပ်ရဲ့လိုအင်ဆန္ဒတွေအားလုံး ဖြည့်ဆည်းပေးနိုင်လိမ့်မယ် မဟုတ်လား'

'ဟုတ်တယ်'

'ခင်ဗျား ဘယ်လိုဖြေရှင်းမလဲ ပြောပါဦး'

'အနည်းဆုံး ချူးကျန်းဂိုဏ်းကို ဖျက်ဆီးပစ်နိုင်တယ်၊ နေမီးဂိုဏ်း စင်ကျန်ခရိုင်မှာ ပြန်ပြီး မင်းမူလာနိုင်စေရမယ်၊ ခင်ဗျား ဘယ်လို သဘောရသလဲ'

လီမင်းကွမ်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'ခင်....ခင်ဗျား တကယ်ပြောတာလား'

'ကျုပ် ကတိပေးတယ်'

'ဟား....ဟား....ဟား'

လီမင်းကွမ်း ကျေနပ်စွာ ရယ်မောလိုက်သည်။

ညွှန့်သည်အတွက် အရက်တစ်ခွက် ထည့်ပေးလိုက်သည်။



သူကိုယ်တိုင်လည်း အရက်တစ်ခွက် ထည့်လိုက်သည်။

တဖန်....

'ကျုပ်တို့နှစ်ယောက် အခုချိန်ကစပြီး သဘောတူညီမှုရယူလိုက်ပြီဆိုတဲ့ အထိမ်းအမှတ်နဲ့အရက်တစ်ခွက်စီလောက်သောက်လိုက်ရအောင်လားဗျာ'

ဟု ပြောလိုက်လေသည်။

လီမင်းကွမ်းထံသို့ ရောက်လာသည့် ညွှန့်သည်မှာ မည်သူမည်ဂါ ဖြစ်ပါသနည်း။

အဘယ်ကြောင့် ကျင်းလီအား ဖျက်ဆီးပစ်လိုရပါသနည်း။

ဘုံကျောင်းလေးသည် နေရောင်ခြည် အောက်တွင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျင်းလီသည် ဘုံကျောင်းလေးနှင့် မလှမ်းမကမ်းသို့ ရောက်လာသည့်တိုင် ထူးခြားသောလှုပ်ရှားမှုကိုမတွေ့ရသဖြင့် အံ့ဩသွားလေသည်။

'ဘယ်လို ဖြစ်တာပါလိမ့်'

စိတ်ထဲ သင်္ကာမကင်း ဖြစ်လာခြင်းကြောင့် ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးသွားလိုက်လေသည်။

ဘုံကျောင်းလေးပေါ် သို့တက်သည့် ကျောက်လှေကားထစ်မပေါ်၌ ထိုင်နေသူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ခြေလှမ်း တုံ့ခနဲ ရပ်သွားသည်။

'ဟင်....ခင်ဗျားကဒီရောက်နေတာကိုး'

ကျင်းလီ လွှတ်ခနဲရေရွတ်လိုက်မြန်လေ၏။

သူတွေ့လိုက်ရသူမှာ သူ့အားကယ်တင်ခဲ့သည့် အနက်ရောင်ဝတ်ထားသူဖြစ်နေပါတော့သည်။

ထိုလူ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒီကိုလာခဲ့တဲ့ လမ်းတစ်လျှောက်မှာ မင်းဘာထူးခြားတာ တွေ့ခဲ့သလဲ'

ကျင်းလီ ခေါင်းခါယမ်းလိုက်သည်။

'ဘာတွေမှ မတွေ့ဘူး'

'ဒါဖြင့် ဘုံကျောင်းထဲကိုလဲ ဝင်ကြည့်စရာမလိုတော့ဘူး'

'ဘာဖြစ်လို့လဲ'

'အခု မထူးလို့ပေါ့'

ကျင်းလီ မကျေမနပ်ဖြစ်သွားလေသည်။

ထိုလူသည် သူ့ထက်အရင်ဆောက်နှင့်လာပြီး ဘုံကျောင်းထဲဝင်ကာ ရှာဖွေနေပြီဖြစ်ကြောင်းထင်ရှားနေသည်။



နေမီးဂိုဏ်းသားများနှင့် စုရအား မတွေ့ရခြင်းမှာ အဘယ်ကြောင့်ပါနည်း။

'သူတို့က နည်းပရိယာယ်ပြောင်းလိုက်ပုံရတယ်'

ထိုလူက ထင်မြင်ချက်ပေးလေသည်။

ကျင်းလီ ခံပြင်းနေသည်။

'နေမီးဂိုဏ်းသားတွေ ဘယ်ရောက်သွားပြီလဲ'

ထိုစဉ်....

'ဝှီး'

'ဒုတ်'

မြားတစ်စင်း ပစ်လွှင့်လာပြီး ကျောက်လှေကားထစ်များနံဘေးမှ သစ်ပင်တစ်ပင်၌ စိုက်ဝင်သွားလေသည်။

အနက်ရောင်ဝတ်ထားသူက ရုတ်တရက် ခုန်ထကာ မြားတံကို ဆွဲနှုတ်လိုက်သည်။

ထိုအခါမှ မြားတံပေါ်တွင် စာရွက်လိပ်ကလေးတစ်ခု ပါရှိနေသည် တွေ့ရလေသည်။

ထိုလူက စာရွက်လိပ်လေးအားယူကာဖတ်ကြည့်ပြီး စုတ်ဖြဲပစ်လိုက်လေသည်။

'ဒါ ဘာလုပ်တာလဲ'

ကျွင်းလီ ဒေါသတကြီးအော်လိုက်လေသည်။

ထိုလူကား 'ကျင်းလီအား လုံးဝအရေးမစိုက်ဘဲ တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်၊

'ရပ်လိုက်စမ်း'

ကျင်းလီက ချက်ချင်းပင် ဟန်တားတိုက်ခိုက်လိုက်လေ၏။

ထိုလူသည် ကျင်းလီ၏တိုက်ခိုက်မှုမှ လွတ်အောင်ထွက်သွားသည်။

ကျင်းလီက အခဲမကျေဘဲ လိုက်လံတိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'နယ်စားလေး၊ စိတ်လိုက်မာန်ပါလုပ်ရင် အမှားကြီးမှားပါလိမ့်မယ်၊ နယ်စားလေးအိမ်ပြန်ပါတော့'

ထိုလူထံမှ ထွက်ပေါ်လာသောစကားသံကြောင့် ကျင်းလီ ခြေကြောင်အမ်းအမ်းဖြစ်သွားရလေတော့သည်။

ထိုလူသည်လည်း စကားဆုံးလျှင် ချာခနဲပြေးလွှားသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ကျင်းလီ သတိဝင်လာကာ....

'ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ်သိရမှကျေနပ်မယ်'

ကြုံးဝါးရင်း တစ်ဟုန်ထိုးပြေးလိုက်သွားလေတော့သည်။



အနက်ရောင်ဝတ်ထားသူမှာ ရိပ်ခနဲရိပ်ခနဲ ပြေးသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ကျင်းလီကလည်း တစ်ဟုန်ထိုးပြေးလိုက်သွားလေသည်၊ ထိုစဉ်....

အဝေးတစ်နေရာမှ ချိုလွင်သော ပလွေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းလီ၏စိတ်ထဲ၌ မသက်မသာဖြစ်သွားလေသည်။

မြားတံ၌လိပ်ထားသည့်စာကိုမဖတ်ရသဖြင့် မည်သို့ရေးထားမှန်း မသိရပါ။

ထိုစာနှင့်လွေသံပတ်သက်နေသည်လော၊

အနက်ရောင်ဝတ်ထားသူကိုလည်း မတွေ့ရတော့သဖြင့် ပလွေသံထွက်ပေါ်လာရာဆီသို့ဦးတည်ကာ ပြေးလွှားလွှားလေတော့သည်။

ပလွေသံကား သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်နေဆဲ။

ကျင်းလီ ပြေးလွှာသွားရာ ကျောက်လိုဏ်ဂူတစ်ခု ရှေ့သို့ ရောက်ရှိသွားလေသည်။

ပလွေသံမှာ လိုဏ်ဂူထဲမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ကျင်းလီ မဲ့ပြုံးပြုံးလိုက်သည်၊

'ကျုပ်ရောက်လာပြီ၊ မင်း ဘာကြောင့် ထွက်မလာရသေးတာလဲ'

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ပလွေသံ တိတ်ဆိတ်သွားလေသည်၊

လိုဏ်ဂူထဲမှ ခမောက်ဆောင်းထားသူတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရလေသည်၊

ထိုလူမှာ ပလွေရှင် ဖြစ်ပါသည်၊

'ဟား....ဟား...ဟား'

ကျင်းလီ သဘောကျစွာ ရယ်မောလိုက်လေသည်၊

'ပလွေရှင်....ခင်ဗျားဟာ ကျုပ်ကိုလမ်းပြပေးနေတဲ့လူ တစ်ယောက်ပဲ၊ ခုတစ်ကြိမ်လဲ လမ်းပြပေးစမ်းပါဦး'

ပလွေရှင်ကလည်း ရယ်မောလိုက်လေသည်၊

'ဟုတ်တယ်....အတော်ဆုံးပလွေရှင်၊ အချောဆုံးမိန်းကလေးကို ကျုပ် လမ်းပြပေးခဲ့ပြီးပြီ၊ ကြောက်စရာအကောင်းဆုံး ရန်သူကိုလဲ ကျုပ်ပဲ လမ်းပြခဲ့သေးတာပဲ'

ကျင်းလီ မျက်မှောင်ကြုတ်သွားလေသည်၊

'ကြောက်စရာအကောင်းဆုံးရန်သူ ဟုတ်လား'

'ဟုတ်တယ်....ခင်ဗျားအတွက် ကြောက်စရာအကောင်းဆုံး ရန်သူ ဘယ်သူဖြစ်မလဲ၊ လုထင်းပေါ့'

'ညြော်'



ကျင်းလီ မဂေျွနပ်သလို ဖြစ်လာလေသည်၊

ပလွေရှင်က ဆက်ပြောသည်၊

'ခင်ဗျားက သခင်မလေးစုစုကိုခေါ်ပြီး ထွက်ပြေးတော့ ခင်ဗျား ဘယ်မှာရှိတယ်ဆိုတာ လုထင်းကို ကျုပ် ပြောပြလိုက်တယ်'

ကျင်းလီ သက်ပြင်းချလိုက်သည်၊

'ခင်ဗျား ဒီလိုလုပ်တာ အကြောင်းရှိမှာပေါ့'

'ဟုတ်တယ်....နယ်စားလေးဟာ စိတ်ထင်ရာ လုပ်ချင်တဲ့ဉာဉ် ရှိတယ်မဟုတ်လား၊ ပလွေသံဆို အကောင်းဆုံးမှ နားထောင်ချင်တယ်၊ မိန်းကလေးဆိုရင်လဲ အချောဆုံးဖြစ်ရမယ်၊ ရန်သူဆိုတော့လဲ ကြောက်စရာအကောင်းဆုံး ဖြစ်ရတော့မှာပေါ့'

ကျင်းလီ အံ့ဩသွားသည်။

'ကျုပ်ဟာ နယ်စားလေးဆိုတာ ခင်ဗျား သိနေတယ်ဟုတ်လား'

'အစကတည်းက သိပါတယ်ဗျာ'

'ဒါဖြင့် ကျုပ်ကို စိတ်လှုပ်ရှားအောင်လုပ်နေတာ ဘယ်လိုသဘောကြောင့်လဲ ပြောပါဦး'

ပလွေရှင်က ပွင့်ပွင့်လင်းလင်းပင် ပြောလေသည်၊

'နယ်စားလေး ဒုက္ခရောက်သွားစေချင်လို့ပါ'

ထိုစကားကြားလျှင်....

'ဟား ဟား ဟား'

ကျင်းလီက ဟားဝိုက်ရယ်မောလိုက်လေသည်။

ပလေ့ရှင်က ရယ်မောခြင်းမပြုပါချေ။

'ကျုပ်က စိတ်လှုပ်ရှားစရာတွေ ဖန်တီးပေးတိုင်း နယ်စားလေး လျှောက်လုပ်နေမယ်ဆိုရင် တစ်ချိန်ချိန်မှာ ပျက်စီးသွားရမှာပဲ မဟုတ်လား'

ကျင်းလီ ခေါင်းညိတ်လိုက်သည်၊

'သိပ်မှန်တာပေါ့၊ ကျုပ်ကိုဘာကြောင့် ပျက်စီးစေချင်ရသလဲဆိုတာကော ပြောပြနိုင်မလား'

'ဖြစ်ပါတယ်၊ ခင်ဗျားဟာ နယ်စားလေးဆိုတဲ့ ရာထူးနဲ့ မထိုက်တန်လို့ပေါ့'

ကျင်းလီ ဒေါသခြောင်းမခြောင်း တွက်သွားမည် ထင်ရသော်လည်း လုံးဝစိတ်ဆိုးဟန်မပြဘဲ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်၊

'ဒါအမှန်ပဲ'

ပလေ့ရှင်က....

'ကျုပ်ပြောတာကို လက်ခံတယ်မဟုတ်လား'

'ခင်ဗျား ပြောတာတင်မကဘူး၊ ကျုပ်အဖေက ခင်ဗျားထက် အရင်ကပြောခဲ့တာ၊ ကျုပ်ရဲ့စိတ်မနေသဘောထားနဲ့သူမရှိတော့တဲ့နောက်ပိုင်း နယ်စား အရိုက်အရာကို ဆက်ခံဖို့မလျော်ညီဘူးလို့ပြောခဲ့တယ်'



ပလေ့ရှင်က ချီးကျူးလိုက်သည်၊

'နယ်စားကြီးဟာ ဉာဏ်အားမြော်အမြင်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါပဲ'

ကျင်းလီက

'ကျုပ်အဖေပြောခဲ့တာရှိသေးတယ်'

'ဘာများလဲဗျာ'

'သူမရှိတော့တဲ့နောက်မှာ နယ်စားရာထူးကို ရွေးချယ်မယ်ဆိုရင် တောင်ပိုင်းက ကျင်းမြို့စားဟာ အသင့်တော်ဆုံးပါပဲတဲ့'

ပလေ့ရှင်၏ခန္ဓာကိုယ် ဆက်ခနဲတုန်ခါသွားသည်၊

'နယ်စားကြီးက ဒီလို ပြောခဲ့တာ တကယ်ပဲလား'

'တကယ်ပေါ့ဗျာ'

'ဒါဖြင့် ကျင်းမြို့စားဟာ ဘာကြောင့် တောင်ပိုင်းနယ်စားအရိုက်အရာကို မဆက်ခံနိုင်ခဲ့ရတာလဲ'

ကျင်းလီပခုံးတွန့်လိုက်သည်၊

'ဒါတော့ ကျုပ်လဲ မပြောတတ်ဘူး'

'ခင်ဗျားမပြောတတ်ပေမယ့် ကျုပ်ပြောတတ်တယ်'

ပလေ့ရှင်၏စကားကြောင့် ကျင်းလီ ပြုံးလိုက်သည်၊

'ဘာများတဲ့ ပြောပါဦး'

'ခင်ဗျားရှိနေလို့ပေါ့'

'ဪ....'

'ခင်ဗျားသာမရှိရင် ကျင်းမြို့စားဟာ နယ်စားကြီး ရာထူးကိုရမှာ သေချာတယ်'

ကျင်းလီက လက်ဖျစ်တစ်ချက် တီးလိုက်သည်။

'ဟုတ်ပြီ၊ ခင်ဗျားပြောလို့ ကျုပ်လဲ တစ်ခု တွေးလိုက်မိတယ်၊ ခင်ဗျားဟာ ကျင်းမြို့စားအတွက် အလုပ်လုပ်နေလဲလူပဲဖြစ်ရမယ်'

ပလွေရှင်က ဟားတိုက်ရယ်မောလိုက်လေသည်။

'နယ်စားလေး တော်တော်ပါးနပ်တာပဲ၊ မှန်ပါတယ်ဗျာ ကျုပ်ဟာ ကျင်းမြို့စားအတွက် အလုပ်လုပ်ပေးနေတာပါ'

ကျင်းလီက ပလွေရှင်အား စိုက်ကြည့်လိုက်သည်။

'ခင်ဗျားနဲ့ ကျင်းမြို့စားတယ်လိုများ ပတ်သက်နေသလဲ ပြောပြနိုင်မလား'

'ရပါတယ်ဗျာ'

ပလွေရှင်က ဦးခေါင်းပေါ်မှ ခမောက်ကို ချွတ်ချလိုက်သည်။

ချောမောခန့်ညားသော လူရွယ်တစ်ယောက်၏ ရုပ်သွင်ပေါ်လွင်လာလေသည်။



ကျင်းလီ ပြုံးလိုက်သည်။

'ကျင်းမြို့စားမှာ သိုင်းပညာ အင်မတန် တော်တဲ့ မွေးစားသားတစ်ယောက်ရှိတယ်လို့ ကျုပ်ကြားဖူးတယ်'

ပလွေရှင်ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျင်းမြို့စားရဲ့ မွေးစားသားဟာ ကျုပ်ချန်းစိမ်းပါပဲ၊ မိဘမဲ့ တစ်ကောင်ကြွက် ဖြစ်နေတဲ့ ကျုပ်ကို မြို့စားကြီးက ငယ်စဉ်ကတည်းက မွေးစားခဲ့တာပါ၊ ကျုပ်၊ အသက် ဆယ်နှစ်သားမှာ သိုင်းလောကရဲ့ ထိပ်သီးသိုင်းသမားတစ်ယောက်ဆီကို ပို့ထားပြီး သိုင်းပညာ သင်ခိုင်းခဲ့ပါတယ်၊ မြို့စားကြီးဟာ ကျုပ်ရဲ့အဖေဆိုလဲ မမှားဘူး၊ ကျေးဇူးရှင်ဆိုလဲ မမှားဘူး၊ လက်ဦးဆရာဆိုရင်လဲ မမှားပါဘူး'

ကျင်းလီကမေးလိုက်သည်။

'ခင်ဗျားက သူ့ကို ကျေးဇူးပြန်ဆပ်ချင်လို့ပေါ့ဟုတ်လား'

'ဟုတ်တယ်၊ သူဟာ နယ်စားကြီးဖြစ်လာရင် ကျုပ်ရဲ့ဘဝ အခြေအနေကလဲ တိုးတက်မြင့်မားလာမှာပေါ့ဗျာ'

ကျင်းလီက....

'ကောင်းပြီ၊ ကျင်းမြို့စားကြီးကိုပြောလိုက်ပါ၊ နယ်စားရာထူးကို ယူလိုက်ပါတော့လို့'

'ဘာဗျ'

'ကျုပ်ကမှ နယ်စားမလုပ်ချင်တာ၊ နယ်စားရာထူး ရယူထားတော့ကော ဘာအကြောင်းထူးမှာလဲ'

'ခင်....ခင်ဗျား'

'ကျင်းမြို့စား လိုချင်တယ်ဆိုရင် ယူလိုက်ပေါ့ဗျာ'

ပလွေရှင်(ဝါ)ချန်းစိမ်း ဒေါသထွက်သွားလေသည်။

'စိတ်ချ၊ ခင်ဗျားနာမည်ပျက်သွားပြီးမှ သုတ်သင်ရှင်းလင်းပစ်လိုက်မယ်ဆိုရင် ကျင်းမြို့စားဟာ နယ်စားရာထူးကို ကျိန်းသေ ရမှာပဲ၊ ခင်ဗျား အသက်ရှင်နေဖို့ အချိန် သိပ်မရှိတော့ပါဘူး'

ကျင်းလီ သက်ပြင်းချလိုက်သည်။

'ကျုပ်အဖေဟာ ကျင်းမြို့စားရဲ့ ဖိတ်ခေါ်မှုကြောင့် သွားရောက်တွေ့ဆုံပြီး အပြန်လမ်းမှာ အဆိပ်ငွေ့နဲ့ လုပ်ကြံခံခဲ့ရတယ်၊ ဒီကိစ္စကို ဘယ်သူမှ မသိအောင် လျှို့ဝှက် ထားပြီး တရားခံရှာဖွေခဲ့တယ်၊ ကျင်းမြို့စားရဲ့ လက်ချက်ဆိုတာ သိပေမယ့် သက်သေမပြနိုင်ခင်မှာ ဖေဖေကွယ်လွန်သွားခဲ့ရှာတယ်၊ ကျုပ်က ဘဘ နန်းကုန်းနဲ့ တိုင်ပင်ပြီး ကျင်းမြို့စားအကြောင်း ဖော်ထုတ်ဖို့ ကြံစည်ခဲ့တယ်၊ ကျုပ်ကို ဇွတ်တရွတ် လုပ်တဲ့လူ တဇောက်ကန်းသမားလို ထင်ရလောက်အောင် တမင်နေထိုင်ပြခဲ့တယ်၊ ဒါမှ ကျုပ်ကို ပေါ့ပေါ့တန်တန် သဘောထားသွားကြမယ် မဟုတ်လား'



မှန်ပေသည်။

ကျင်းလီ၏ လုပ်ရပ်များကြောင့် မည်သူကမျှ အထင်တကြီး မရှိနိုင်ကြတော့ပေ။

နယ်စားကြီးရာထူးနှင့် မထိုက်တန်ဟု ယူဆခဲ့ကြလေသည်။

ကျင်းလီက ဆက်ပြောသည်။

'ကျင်းမြို့စားကိုယ်တိုင်ကလဲ ကျုပ်ကို အမှုမထားတော့ဘူး၊ နာမည်ပျက်အောင်လုပ်ပြီး ဖယ်ရှားပစ်ဖို့ အကြံထုတ်လာတော့တာပဲ၊ ကျုပ်က သည်လိုမှ မလုပ်ခဲ့ရင်လဲ ကျင်းမြို့စားက လှုပ်ရှားမှာ မဟုတ်တဲ့အတွက် သူ့ရဲ့ လုပ်ရပ်တွေကို ဖော်ထုတ်ဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်တော့မှာလဲ'

ချန်းစိမ်း မကျေမနပ်ဖြစ်သွားသည်။

'လက်စသတ်တော့ ခင်ဗျားက သိလျက်နဲ့ မသိချင်ယောင်ဆောင်နေခဲ့တာကိုး'

'သိပ်မှန်တာပေါ့ကွာ၊ နယ်စား စံအိမ်မှာ ကျုပ်အဖေ မရှိတော့တဲ့ နောက်ပိုင်း ဘယ်သူက ကျုပ်အပေါ်မှာ ဆက်ပြီး သစ္စာစောင့်သိမလဲဆိုတာကိုလဲ ကျုပ်က တစ်ခါတည်း စမ်းသပ်ခဲ့တာ၊ ခုတော့ အဖြေပေါ်နေပါပြီ'

ချန်းစိမ်း ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျား သိနေတယ်ဆိုရင်လဲ နောက်ကျနေပြီ'

'ဘာဖြစ်လို့လဲ'

'ခင်ဗျား သေရတော့မှာမို့ပေါ့'

ချန်းစိမ်း၏ စကားသံနှင့် မရှေးမနှောင်းမှာပင် လူတစ်စု ထွက်ပေါ်လာပြီး ကျင်းလီအား ဝိုင်းရံ ထားလိုက်ကြ လေတော့သည်။

## အပြိုင် အဆိုင် အနိုင်

လေပွေ့ယမ်းတိုက်ခတ်လာသောအခါ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့လာသည်။

ကျေးငှက်ကလေးများ၏ ဘာသာဘာဝ တေးသီကြွေးသံများကိုလည်း ကြားနေရသည်။

သစ်ရွက်ကလေးများလည်း တဖြုတ်ဖြုတ် ကြွေကျလာသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေပြီး တသွင်သွင်စီးဆင်းနေသော စမ်းချောင်းလေးတစ်ခုအနီးသို့ ရောက်လာသောအခါ အနက်ရောင်ဝတ်ထားသူက ခြေလှမ်းရပ်လိုက်လေသည်။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

'စာထဲမှာချိန်းလိုက်တာ ဒီနေရာပဲ'

မြားတံတွင်ပါလာသောစာကိုဖတ်ပြီး ဤနေရာသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်လေသည်။

ထိုစဉ်....

'ဟား ဟား ဟား'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်

အနက်ရောင်ဝတ်ထားသူ လှမ်းကြည့်လိုက်သောအခါ လူတစ်ယောက်က ရယ်မောရင်း လှမ်းလာနေသည်ကိုတွေ့လိုက်ရသည်။

ထိုလူမှာ နေမီးဂိုဏ်းမှ ထိပ်သီးသိုင်းသမား စန်းဖုံးဖြစ်သောသည်။

စန်းဖုံးသည် ကျင်းလီအားအရေးနိမ့်ခဲ့သူလည်းဖြစ်သည်။

ယခု....

စန်းဖုံး ပြန်လည်ထွက်ပေါ်လာပြီဖြစ်သည်။

စန်းဖုံးသည် မလှမ်းမကမ်း၌ ခြေလှမ်းရပ်လိုက်သလို ရယ်မောခြင်းကိုလည်းရပ်တန့်လိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။

'လုထင်း၊ မင်းကရုပ်ဖျက်ထားတာသတ္တိမရှိဘူးလား'



သူ၏စကားကြောင့် အနက်ရောင် ဝတ်ဆင်ထားသူက သက်ပြင်းချလိုက်သည်။

မျက်နှာပေါ်မှ ပဝါနက်ကို ဖယ်ရှားပစ်လိုက်ရာ တည်ကြည်ခန့်ညားသော လူရွယ်တစ်ယောက်၏ ရုပ်သွင်ဖြစ်ပေါ်လာသည်။

ထိုလူရွယ်မှာ သူရဲကောင်းလုထင်းပင်ဖြစ်လေသည်။

လုထင်းက စန်းဖုံးကိုမေးလိုက်လေသည်။

'စုစု ဘယ်မှာလဲ'

စန်းဖုံး ခေါင်းညိတ်လိုက်သည်။

'သခင်မလေး ရှိပါတယ်ဗျာ'

'ကောင်းပြီ၊ ကျုပ် သူ့ကိုတွေ့ချင်တယ်'

'လွယ်ပါတယ်၊ ဟောဒီ ဆေးလုံးလေးသောက်လိုက်ပါ'

စန်းဖုံးက ဆေးလုံးလေးတစ်လုံးထုတ်ပေးလေသည်။

လုထင်း မျက်မှောင်ကြုတ်သွားသည်။

'ဒါက ဘာသဘောလဲ'

စန်းဖုံး ပြုံးလိုက်သည်။

'ရှင်းပါတယ်၊ ဒါဟာ အဆိပ်ဆေးလုံးပဲ၊ ဒီဆေးလုံးကိုသောက်လိုက်ရင် နေမီးဂိုဏ်းကို သစ္စာခံပြီးသား ဖြစ်သွားလိမ့်မယ်'

နေမီးဂိုဏ်း၏သဘောထားကို လုထင်းကောင်းစွာနားလည်ထား၏၊

'ကျုပ်က လက်မခံဘူးဆိုရင်ကော'
'သခင်မလေးကို ဘယ်တော့မှမတွေ့ရတော့ဘူး'
'ကောင်းပြီ'

လုထင်းသည် စကားဆုံးသည်နှင့် ရှေ့သို့လျှပ်တစ်ပြက်တိုး၍ စန်းဖုံးအား တိုက်ခိုက်လိုက်လေသည်၊

စန်းဖုံး ကြောင်အမ်းအမ်းဖြစ်သွားသည်၊
'ဒါ ဘာလုပ်တာလဲ'

'အော်ပြောမင်း ကပျာကယာ နောက်ဆုတ်ရန် ဟန်ပြင်လိုက်သည်၊

သို့သော်လည်း နောက်ကျသွားပြီဖြစ်လေသည်၊
'ဝုန်း....'
'အား'

စူးရှသောအော်ဟစ်သံနှင့်အတူ စန်းဖုံး မြေပေါ်လဲကျသွားသည်၊

လုထင်းက အနီးသို့ချဉ်းကပ်သွားလိုက်သည်၊
'စုစု ဘယ်မှာလဲ'
စန်းဖုံး၏နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေပါသည်၊ သို့တိုင် အံကြိတ်ကာပြောလိုက်လေသည်၊



'ရှေကတောအုပ်ထဲမှာ'

လုထင်း ဘာမှမပြောတော့ဘဲ ချာခနဲလှည့်ကာ တောအုပ်ဆီသို့ လှမ်းဝင်သွားလိုက်သည်။

စန်းဖုံးကား လူးလှိမ့်ထရန် ကြိုးစားလိုက်ရင်း မြေပေါ် ပြန်လဲကျကာ ငြိမ်သက်သွားလေသည်၊

တောအုပ်ထဲသို့ ခြေချမိလိုက်သည်နှင့် မိမိအား အန္တရာယ်များက ဝိုင်းရံထားပြီဖြစ်ကြောင်း လုထင်း ရိပ်မိလိုက်သည်။

တောအုပ်ထဲရှိ မြေကြက်လပ်၌ ခြေလှမ်းရပ်ကာ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်၊
တစ်ဖန်....
'ဘာကြောင့် ထွက်မလာကြသေးတာသဲ'
အော်ဟေါက်ရင်း လက်ဝှေ့ယမ်းလိုက်သည်၊
ဤတွင်....
'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ပန်းခုံများနောက်ကွယ်၌ ပုန်းအောင်းချောင်းကြည့်နေကြသောသူများမှာ လုထင်း၏လက်နက်ပုန်း ထိမှန်သွားကြသည်။

လုထင်း ပြုံးလိုက်သည်။

'ကျုပ်တို့ အလစ်ချောင်းပြီး တိုက်ခိုက်လို့ရမယ် မထင်နဲ့၊ ထွက်လာခဲ့ကြစမ်း'

ယခုတစ်ကြိမ်...

'ဟူး....ဟူး....ဟူး'

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာတော့သည်။

နေမီးဂိုဏ်းသားများ ခုန်ထွက်လာကြပြီး လုထင်းအားဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

နေမီးဂိုဏ်းသားများအား ဦးဆောင်သူမှာ မုရသေ့နှင့် လူပုကလေးတို့ဖြစ်သည်။

'ချမ်း'



လုထင်းက ခါးမှဓားကိုဆွဲထုတ်ကာ ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

လုထင်းကိုင်ဆောင်ထားသော ဓားမှာ ချူးကျန်းဂိုဏ်းမှအတွင်းအားကျင့်စဉ် ရေးဆွဲထားသောဓားဖြစ်သည်။

ချူးကျန်းဂိုဏ်းချုပ်က စုစုအားကယ်တင်ရာ၌ အသုံးပြုနိုင်ရန် လုထင်းအား ဒမးအပ်ခဲ့ခြင်းဖြစ်လေသည်။

လုထင်းက ဓားကိုဝှေ့ယမ်းလိုက်သည်နှင့် ဝင်းလက်တောက်ပသောဓားရောင်များ ထွက်ပေါ်လာသည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာကာ နေမီးဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

မုရသေ့နှင့် လူပုကလေးတို့ ခုံပြင်းသွားကြလေသည်။

'ယား'

နှစ်ယောက်သား ပြိုင်တူညာသံပေးကာ လုထင်းထံ ခုန်ဝင်သွားကြလေသည်။

မုရသေ့သည် လက်တစ်ဖက်က အတွင်းအား အပြည့်ပါသောလက်ဝါးကိုအသုံးပြုလျက် ကျန်လက်တစ်ဖက်က တောင်ဝှေးတစ်ချောင်းကိုကိုင်ကာ တိုက်ခိုက်လိုက်လေသည်။

လူပုလေးကား လေထဲခုန်ပျံတိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ထိပ်သီး သိုင်းသမားကြီးများပီပီ သူတို့၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

လုထင်းသည် မပေါ့ဆရဲဘဲ သတိကြီးစွာထားကာ တိုက်ခိုက်ရလေသည်။

လေထဲပျံဝဲကာ ခြေထောက်ဖြင့် ကန်ကျောက်လာသော လူပုကလေး၏ တိုက်ကွက်များကို ရှောင်တိမ်းပေးလိုက်ပြီး မုရသေ့ထံသို့ ခုန်ဝင်လိုက်လေသည်။

'ယား'

မုရသေ့က တောင်ဝှေးဖြင့် ရိုက်ချလိုက်သည်။

လုထင်းက ပွတ်ကာသီကာ ရှောင်တိမ်းပေးကာ ဆက်၍ ပြေးဝင်သွားလျှင်....



'ဟေပေတော့'

မုရသေ့က လက်ဝါးဖြင့် ဆီးကြိုရိုက်ချလိုက်လေသည်။

လုထင်းက လက်ဝါးတစ်ဖက်ဖြင့် ပြန်လည်ခုခံလိုက်သလို ဓားကိုင်ထားသောလက်ကို ဝှေ့ယမ်းလိုက်သောအခါ.... ၊

'အား'

မုရသေ့၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

ထိုစဉ်....

'ဟူး'

လူပုလေးက လျှပ်တစ်ပြက် ခုန်ဝင်လာပြီး ခြေထောက်ဖြင့် ကန်လိုက်သည်။

လုထင်းက ရှောင်တိမ်းခြင်းမပြုဘဲ ဓားဖြင့် နောက်ပြန် ပစ်ပေါက်လိုက်သည်။

'ဒုတ်'

'အား'

စူးရှသော အော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာသည်။

မုရသော့နှင့် လူပုလေးတို့ မြေပေါ် သို့ နှိမ်ခနဲလဲကျသွားကြသည်။

ဤတွင် ကျန်ရှိနေသော မနမီးဂိုဏ်းသားများသည် ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုဝံ့ကြတော့ဘဲ ဒရောသောပါး ထွက်ပြေးသွားကြတော့သည်။

'ဟား ဟား ဟား'

လူထင်းက အားတိုက်ရယ်မောလိုက်သည်။

'နေမီးဂိုဏ်းဟာ ချူးကျုန်းဂိုဏ်းကို ချေမှုန်းပစ်ချင်တယ်ဆိုပြီး လက်တွေ့ကျတော့ ဘာမှလဲအသုံးမကျပါလား'

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'သူရဲကောင်းလေးက တော်တော်အပြောကြီးတာကိုး'

သစ်ပင်များကြားမှ လူနှစ်ယောက် လှမ်းထွက်လာကြသည်ကို တွေ့လိုက်ရသည်။

ရုတ်အား အဘွားအိုတစ်ယောက်က ဖမ်းဆီးခေါ်ဆောင်လာခြင်း ဖြစ်သည်။

စုစုအား ဖမ်းဆီးလာသော အဘွားအိုမှာ နေမီးဂိုဏ်းချုပ်၏ ညီမဝမ်းကွဲတော်သော လျံကူး ဆိုသူဖြစ်ပြီး မျှမ်းရှမ်း၏ မိခင်လည်း ဖြစ်လေသည်။

'အစ်ကို'

စုစုသည် လုထင်းကိုမြင်လျှင် ဝမ်းသာအားရ ခေါ်လိုက်သည်။

'ညီမ'

လုထင်းကလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

လျံကူးက ရယ်မောလိုက်သည်။

'နေမီးဂိုဏ်းချုပ်ဟာ သခင်မလေး စုစုကို ဖမ်းဆီးထားတယ်ဆိုတာ မမေ့နဲ့လေ၊ ဟဲ ဒူးထောက်လိုက်စမ်း'

'ခင်ဗျား'

'ငါ့စကားနားမထောင်ရင် စုစု သေသွားလိမ့်မယ်'

လျံကူးသည် စုစုံအား လက်ဝါးဖြင့်ရိုက်ချရန် ဟန်ပြင်လိုက်၏။

'မလုပ်နဲ့'



လုထင်း အထိတ်တလန့် အော်လိုက်သည်။

ချက်ချင်းပင် မြေပေါ် ဒူးထောက်လိုက်သည်။

လျံကူး ဟားတိုက်ရယ်မောလိုက်သည်။

'ဒီလိုလိမ္မာမှပေါ့၊ ရော့ ဒီဆေးလုံးလေးသောက်လိုက်၊ စုစုကို လွှတ်ပေးမယ်'

'ကောင်းပါပြီဗျာ'

လုထင်းက သဘောတူလိုက်သည်။

'မလုပ်နဲ့'

စုစုက အော်ဟစ်ဟန့်တားလိုက်သည်။

လုထင်း အံကြိတ်လိုက်သည်။

စုစုံ၏ စကားကို နားမထောင်ဘဲ ဆေးလုံးလေးကို ကောက်ယူလိုက်သည်။

'အစ်ကို မသောက်နဲ့'

စုစု တားဆီးသော်လည်း မရတော့ပါ။

လုထင်းက ဆေးသောက်ဖို့ ဟန်ပြင်လိုက်သည်။

သို့သော် တကယ်တမ်းသောက်ချလိုက်ခြင်းမဟုတ်ဘဲ လက်ညှိုး၊ လက်ခလယ်ကြား၌ ဖွက်ထားသော လက်နက်ပုန်းလေးဖြင့် တောက်ထုတ်လိုက်သည်။

အဆိပ်ဆေးသောက်ရန် ဟန်ပြုပြီး လျှပ်တစ်ပြက် ထိုက်ခိုက်လိုက်သည် ဖြစ်ရကား ကူး လျ မရှောင်နိုင်တော့ပါချေ။

လက်နက်ပုန်းလေးက သူ၏ နဖူးတည့်တည့်၌ ထိမှန်သွားသည် ဖြစ်ရကား...

'အမယ်လေး'

ဗူးရှစ္စာ အော်ဟစ်ကာ လဲကျသွားတော့သည်။

'အစ်ကို'

လွတ်မြောက်လာပြီ ဖြစ်သော စုံစုကလည်း လုထင်းထံသို့ ပြေးလွှားလာသည်။

'ညီမ'

လုထင်းကလည်း ဝမ်းသာအားရ ဆီးကြိုလိုက်သည်။



ထိုစဉ် အနီးသို့ရောက်လာသော စုံစုက လုထင်း၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် လုထင်း မရှောင်နိုင်တော့ပါချေ။

'ဝုန်း'

'အား'

'အမယ်လေး...'

ဗူးရှသော အော်ဟစ်သံနှင့်အတူ လုထင်း မြေပေါ်လဲကျသွားသည်။

'ဟား ဟား ဟား'

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာကာ နေမီးဂိုဏ်းချုပ် လီမင်းကွမ်းနှင့် ဂိုဏ်းသားများ ထွက်ပေါ်လာကြလေသည်။

လုထင်းက ကပျာကယာ လှိမ့်ထလိုက်သည်။

စုစုအား မယုံနိုင်စွာကြည့်ကာ မေးလိုက်သည်။

'စုစု ညီမ ဘယ်လိုလုပ်လိုက်တာလဲ'

စုစု ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မက စုစုမှ မဟုတ်တာ'

သူမ၏ မျက်နှာပေါ်မှ မျက်နှာဖုံးတုကို ချွတ်လိုက်ရာ ရှမ်းရှမ်း ဖြစ်နေသည်ကို တွေ့ရလေသည်။ 'စုစု ဘယ်မှာလဲ'

လုထင်းက လှမ်းကြည့်လိုက်ရာ လီမင်းကျွမ်းတို့ ဖမ်းဆီးခေါ်ဆောင်လာသော စုစုကို တွေ့မြင်လိုက်ရလေတော့သည်၊



ကျင်းလီသည် ဝိုင်းရံထားသူများကို ကြည့်ကာ သဘောကျစွာ ပြုံးလိုက်သည်၊

'ချန်းစိမ်း၊ ကျင်းမြို့စားရဲ့လူတွေက စိတ်ချရပါမလား'

ချန်းစိမ်း ခေါင်းညိတ်လိုက်သည်။

'စိတ်ချရပါတယ်၊ ဘာဖြစ်လို့လဲ'

'ဩော်... အရေးနဲ့အကြောင်းဆိုရင် ထွက်ပြေးကုန်ကြမှာစိုးရိမ်လို့ပါ'

'ကြည့်ဦးပေါ့ဗျာ'

ချန်းစိမ်းက လက်ဖွေယမ်းပြလိုက်သည်။

ထိုအခါ...

'ယား'

ကျင်းမြို့စား၏ လူများသည် ကျင်းလီထံ ပြေးဝင်တိုက်ခိုက်လိုက်သည်။

ကျင်းလီလည်း ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်သည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာသလို စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ကျောင်းမြို့စား၏ လူများမှာ ကျောင်းလီ၏ တိုက်ခိုက်မှုကို မခံနိုင်ဘဲ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

ကျန်လူများသည်လည်း ဆက်လက်တိုက်ခိုက်ခြင်း မပြုဝံ့ကြတော့ပါ၊ ကျောင်းလီ ရယ်မောလိုက်လေသည်။

'ကျုပ်ပြောတယ်မဟုတ်လား'

ချန်းစိမ်းအား လှမ်းပြောလိုက်သည်

ချန်းစိမ်း သက်ပြင်းချလိုက်လေသည်။

'အင်း...သူတို့က ခင်ဗျားရဲ့ ခွန်အားတွေပိုပြီး ကုန်ခန်းသွားအောင်လုပ်နေကြတာပါ'

'မင်း ဘာကိုဆိုလိုတာလဲ'



'ကျောင်းလီ၊ ခင်ဗျားရဲ့အဖေ ဘယ်လို ဖြစ်ခဲ့ရတယ်ဆိုတာ ခင်ဗျားမေ့နေပြီလား'

ကျောင်းလီ မျက်မှောင်ကြုတ်သွားလေသည်။

ပတ်ဝန်းကျင်ကို သတိပြုကြည့်လိုက်သောအခါ ထူးခြားသောအမွှေးနံ့ဘူစ်ခုကို ရှူရှိုက်လိုက်ရလေသည်၊

'ဟင်....'

ကျောင်းလီ ရင်ထိတ်သွားလေသည်၊

သူ၏ဖခင်မှာ ကျောင်းမြို့စား၏ အဆိပ်ဖြင့်လုပ်ကြံရခြင်းဖြစ်နိုင်သည်ဟု သိခဲ့ရသည်မဟုတ်ပါလား'

ယခု ရှူရှိုက်လိုက်ရသော အမွှေးနံ့သည် အဆိပ်နံ့ဖြစ်ကြောင်း ချက်ချင်း သဘောပေါက်လိုက်လေသည်၊

'လက်စသတ်တော့ ကျုပ်ကို အဆိပ်နဲ့လုပ်ကြံချင်တာကိုး'

ချန်းစိမ်းက....

'ကျောင်းမြို့စား တီထွင်ထားတဲ့အဆိပ်ကို ဘယ်သူကမှ မတတ်နိုင်ကြဘူးလေ'

'ကျုပ်စမ်းကြည့်ချင်တယ်၊ မင်း သေချာရဲ့လား'

'ဘာကြောင့် မသေချာရမှာလဲ'

'ကောင်းပြီ'

ကျင်းလီသည် ချန်းစိမ်းထံသို့ လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ချန်းစိမ်းကလည်း လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ပြန်လှည့်တိုက်ခိုက်လိုက်သည်။

'ယား...'

ကျင်းမြို့စား၏လူများကလည်း ညာသံပေးကာ ပြေးဝင်တိုက်ခိုက်လာကြလေသည်။

တိုက်ပွဲကား ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေလေသည်၊

ကျင်းလီက လက်ဝါးနှစ်ဖက် အတွင်းအားစုစည်းကာတိုက်ခိုက်လိုက်သည်၊

'ဟူး....ဟူး....ဟူး'



လေဟိုးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏၊

'ဝုန်း...'

'အား....'

'အမယ်လေးဗျ'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာမြန်လေသည်။

ကျင်းမြို့စား၏လူများမှာ ကျင်းလီ၏လက်ချက်မိကာ မြေပေါ်လဲကျသွားကြပြန်သည်။

ချန်းစိမ်း မနေနိုင်တော့ပါချေ။

'ယား'

ညာသံပေးကာ ကိုယ်တိုင်ခုန်ဝင် တိုက်ခိုက်လာလေသည်၊

ချန်းစိမ်းကား ခေသူမဟုတ်ကြောင်း လက်တွေ့ရင်ဆိုင်ရမှ ကျင်းလီသည်း သိလိုက်ရသည်။

'ဝုန်း'

ကျင်းလီနှင့် ချန်းစိမ်းတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလေသည်။

သူတို့၏လက်ဝါးလေးဖက်ပူးကပ်သွားလေသည်၊

ဤတွင်....

ကျင်းလီမှာ နှစ်ကြိမ်တိုင်တိုင် အဆိပ်မိခဲ့ပြီး အတွင်းအား ကုန်ခန်းခဲ့သည်ဖြစ်ရကား တဖြည်းဖြည်း အခြေအနေမဟန်နိုင်အောင်ဖြစ်လာလေတော့သည်၊

'ဟား ဟား ဟား'

ချန်းစိမ်းက ဟားတိုက်ရယ်မောကာ အားစိုက်တွန်းထုတ်လိုက်လျှင်....

'ဝုန်း'

ကျယ်လောင်သောအသံနှင့်အတူ ကျင်းလီမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ချန်းစိမ်း ကျေနပ်နေလေသည်၊

နာမည်ကျော် နယ်စားလေး ကျင်းလီအားအနိုင်ရလိုက်ပြီ မဟုတ်ပါလား၊

ကျင်းလီကို အပြီးတိုင်သုတ်သင်ပစ်ရန်ဆုံးဖြတ်ကာ ကျင်းလီလွင့်စဉ်သွားသည့်ချုံပုတ်များကြားသို့ တိုးဝင်လိုက်လေသည်၊

သို့သော် ကျင်းလီအားမတွေ့ရသဖြင့် အံ့ဩသွား၏၊

'ဟင် သူဘယ်ရောက်သွားပါလိမ့်'

ပတ်ဝန်းကျင်၌ လှည့်ပတ်ရှာဖွေလိုက်စဉ်-

'မင်း ဘယ်သူ့ကို ရှာနေတာလဲ'

စကားသံတစ်ချက် ထွက်ပေါ်လာသဖြင့် လှမ်းကြည့်လိုက်ရာ မလှမ်းမကမ်း၌ ရပ်နေသူနှစ်ယောက်ကို တွေ့ရလေသည်

တစ်ယောက်မှာ ကျောင်းသီဖြစ်ပြီး ကျန်တစ်ယောက်ကား မျက်နှာစိမ်းလူရွယ်တစ်ယောက်ဖြစ်လေသည်။

ကျောင်းသီက ရယ်မောရင်း မိတ်ဆက်ပေးလိုက်သည်၊

'ဒါဟာ တောင်ပိုင်းနယ်စားရဲ့ အတိုင်ပင်ခံဘိုးဘိုးလေးပါး ထဲမှာပါဝင်တဲ့ ဘဘနန်းကူးရဲ့မြေး ရှိကျူးဖြစ်တယ်'

'ဘာ'

နန်းကူးသည် တောင်ပိုင်းနယ်စားကြီးနှင့်အတူ ကျောင်းမြို့စား၏ ဘကောတ်ကြုံခြင်းခံခဲ့ရသူဖြစ်လေသည်၊

'ဘဘ နန်းကူးဟာ ကျောင်းမြို့စားကို သက်ာမကောင်းဖြစ်တာ ကြာပြီ၊ ဒါကြောင့် မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့တယ်၊ ခုတော့ ကျောင်းမြို့စားက မင်းကိုလွှတ်ပြီး ကျုပ်ကိုရှင်းခိုင်းတယ်၊ သူကိုယ်တိုင်က နယ်စားအရိုက်အရာဆက်ခံနိုင်အောင် ပြင်ဆင်နေတာတွေကို ရှိကျူးက ဖော်ထုတ်နိုင်ခဲ့ပြီလေ'

ချန်းစိမ်း ထိတ်လန့်သွားလေသည်၊

'ကျောင်းမြို့စားကို ဖမ်းဆီးပြီး ကျုပ်ကိုကူညီဖို့ ရှိကျူးက လိုက်လာတာပဲ'

ကျောင်းသီကပြောရင်း ခေါ်တိုးတိုက်လေသည်၊



ချန်းစိမ်း အံကြိတ်လိုက်သည်၊

'ကူညီမယ့်လူရောက်လာတော့ကော ကျုပ်က ကြောက်နေရမှာလား'

စကားဆုံးလျှင် ကျောင်းသီထံ တစ်ဟုန်တိုး ပြေးဝင်တိုက်ခိုက်လေသည်။

ကျောင်းသီကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်၊

နှစ်ယောက်သား ထိုးကြိတ်ရင်ဆိုင်မိလိုက်သည်နှင့်....

'ဒုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ချန်းစိမ်းမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်၊

သိုင်းတစ်ကွက်ယှဉ်ပြိုင်လိုက်ရုံဖြင့် အရေးနိမ့်သွားလေသော ကြောင့် ချန်းစိမ်း မယှဉ်နိုင်အောင်ဖြစ်သွားလေသည်။

'ဝေါ့'

ပါးစပ်ထဲမှ သွေးများအန်ထုတ်ကာ လူးလိမ့်သလိုက်လေသည်။

ကျင်းလီ မျက်လုံးပြူး၍ကြည့်လိုက်သည်။

'ခင်...ခင်ဗျား—'

ကျင်းလီ လက်ကာပြလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ပြောဖို့မေ့သွားတယ်၊ ကျင်းမြို့စားရဲ့ လူတွေဟာ ကျုပ်ကို အဆိပ်နဲ့ဒုက္ခပေးမှာကိုစိုးရိမ်လို့ ဘဘနန်းကုံးက ကျုပ်အတွက် အဆိပ်ဖြေဆေးပေးလိုက်တယ်လေ'



'တောက်'

အဆိပ်ဖြေဆေးသောက်ရပြီးနောက် ကျင်းလီမှာ အဆိပ်ကို မှုစရာမလိုတော့သည့်အပြင် အတွင်းအားများလည်း တိုးတက်လာပြီဖြစ်ကြောင်း ထင်ရှားနေသည်။

ကျင်းလီ၏အခြေအနေကို ချန်းစိမ်း သဘောပေါက်လိုက်သော်လည်း နောက်ကျသွားပြီဖြစ်လေသည်။

'ယား'

အံကြိတ်ကြိတ်ကာ ညာသံပေးပြီး တစ်ဟုန်ထိုးပြေးဝင်တိုက်ခိုက်လိုက်လေသည်။

သို့သော်....

ကျင်းလီ အနီးသို့ မရောက်မီ ရှိကျူးက ကြားဖြတ် ဟန့်တားလိုက်သောအခါ....

'အား'

စူးရှသော အော်သံနက်ကြီး ထွက်ပေါ်လာပြီး ချန်းစိမ်း မြေပေါ်လဲကျသွားလေတော့သည်။

ကျင်းလီက အန္တရာယ်အပေါင်းကို ဖယ်ရှားနိုင်လိုက်ချိန်တွင် လုထင်းမှာ ဒုက္ခရောက်နေရလေတော့သည်။

လုထင်း၏ ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်နေသည်၊

စုစုကို တွေ့မြင်လိုက်ရပြီဖြစ်သော်လည်း ကယ်တင်ခြင်းမပြု နိုင်တော့ပါချေ၊

နေမီးဂိုဏ်းသားများက သူ့အား အာတပ်ထပ် ဝိုင်းရံထား လိုက်ကြပြီ မဟုတ်ပါလား။

လီမင်းကွမ်းက ရွှေ့တိုးလာသည်။

'လုထင်း၊ မင်းနဲ့ စုစု ငါ့လက်ထဲကို ရောက်လာပြီဆိုရင် ချူးကျန်းဂိုဏ်းက ဘာတတ်နိုင်တော့မှာလဲ'

ကျေနပ်စွာပြောရင်း လုထင်း၏လက်ထဲမှ လွတ်ကျခဲ့သော ဓားရှည်ကို ကောက်ယူလိုက်သည်၊

ထိုဓားရှည်သည် ချူးကျန်းဂိုဏ်းချုပ် အထိမ်းအမှတ် ဖြစ် သည်၊

လီမင်းကွမ်း၏ လက်ထဲသို့သာ ထို ဓားရှည်ရောက်ရှိသွား ပါက ချူးကျန်းဂိုဏ်းပျက်စီးသွားရမည်မှာ ဧကန်မလွဲချေ၊

'ချူးကျန်းဂိုဏ်းကို ကျုပ် ဖျက်ဆီးနိုင်ပြီပေါ့'

လီမင်းကွမ်းက ဟားတိုက်ရယ်မောလိုက်လေသည်၊

ထိုစဉ်....

'ဟူး'

လူရိပ်တစ်ခု ရိပ်ခနဲထွက်ပေါ်လာပြီး လီမင်းကွမ်း၏လက် ထဲမှ ဓားရှည်ကို သုယူလိုက်လေသည်၊

နောက်ထပ် လူရိပ်တစ်ခုကလည်း စုစုအား ဖမ်းဆီးထား သူများကို တိုက်ခိုက်ကာ စုစုအား ကယ်တင်လိုက်လေသည်၊



'ဝှန်း....'

'အား'

'အမယ်လေး'

အော်ဟစ်သံများနှင့်အတူ နေမီးဂိုဏ်းသားများ ဖရိုဖရဲဖြစ် သွားကြလေတော့သည်။

'ဟင်'

လီမင်းကွမ်း ထိတ်လန့်ကာလှမ်းကြည့်လိုက်ရာ ကျင်းလီနှင့် ရှီကျူးတို့ ရောက်ရှိလာသည်ကိုတွေ့လိုက်ရလေသည်၊

ကျင်းလီက....

'ခင်ဗျားရဲ့ ဓားကို ပြန်ယူပါ'

လုထင်းအား ပစ်ပေးလိုက်သည်၊

ထို့နောက်....

'နေမီးဂိုဏ်းဆိုတာ လောကပေါ်မှာ မရှိတော့ဘူး'

ကြုံးဝါးရင်း လီမင်းကွမ်းကဲ ပြေးဝင် တိုက်ခိုက်လိုက်လေ သည်၊

ရှီကျူးက စုစုကို လုထင်း၏လက်ထဲအပ်ကာ နေမီးဂိုဏ်း သားများအား တိုက်ခိုက်လိုက်လေသည်၊

ပြင်းထန်သော တိုက်ပွဲကြီး ဖြစ်ပေါ်လာသည်၊

ထို့နောက်....

ချူးကျန်းဂိုဏ်းအား ဒုက္ခပေးရန် ကြံစည်နေသော နေမီး ဂိုဏ်းမှာ ပြိုကွဲပျက်စီးသွားခဲ့ပြင်ဖြစ်သည်၊

ထို့အတူ…

တောင်ပိုင်း နယ်စားအား ဒုက္ခပေးခဲ့သော ကျင်းမြို့စား အား ဆုံးမနိုင်ခဲ့ပြီဖြစ်လေသည်၊

ကျင်းမြို့စားအား တိဘ်တဆိတ် ထောက်ခံအားပေးခဲ့သော အတိုင်ပင်ခံ ဘိုးဘိုး လေးပါးအနက် ထုံးလေ့ကိုလည်း ဖော် ထုတ်အရေးယူနိုင်ခဲ့လေသည်။

တောင်ပိုင်းနယ်တွင် အခုမှအေးချမ်းသာယာသွားသည်ဟု ဆိုနိုင်ပါတော့သည်။



လေပြည်လေညင်း ပေ့ယမ်း တိုက်ခတ်နေလေသည်၊

ကျင်းလီသည် ဒါ၀တ်အစားများ တဖျပ်ဖျပ်လူးလွန့်နေ သည်၊

ကျင်းလီသည် ယှဉ်တွဲကာရပ်နေသော စုံစုနှင့် လုထင်း တို့အား ကြည့်လိုက်လေသည်၊

ထို့နောက်….

'ကျုပ်ဟာ ကျင်းမြို့စားရဲ့ အကြံကို ဖော်ထုတ်ချင်တာ ကြောင့် ပလေ့သံရှင် ချန်းစိမ်းရဲ့အကြံအတိုင်း မသိချင်ဟန် ဆောင်ပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့တယ်၊ ဒါကြောင့် ချူးကျန်း ဂိုဏ်းနဲ့ပတ်သက်ပြီး ကျုပ်မှာ အမှားအယွင်းတွေ ရှိခဲ့တာကို ခွင့်လွှတ်ကြပါ'

အနူးအညွတ် တောင်းပန်လိုက်လေသည်၊

ယုံထင်းနှင့် စုံစုတို့မှာ ယခုမှ ခေါင်းမာသော ကျင်းလီ၏ လုပ်ရပ်များကို သဘောပေါက်သွားကြလေသည်၊

စုစုက ဒူးထောက်လိုက်သည်။

'ကျွန်မက အဖြစ်မှန်ကိုမသိဘဲ စော်ကား မိခဲ့တာကိုလည်း ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

'ကိစ္စမရှိပါဘူး သခင်မလေးရယ်'

'ကျုပ်မှာ အမှားရှိရင်လည်း ခွင့်လွှတ်ပါ နယ်စားလေး'

'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်ကသာ အမှားအယွင်း လုပ် ဆောင်မိခဲ့တာပါ၊ ကဲ တောင်ပိုင်းမှာ ချပြီးမြတ်သေးတဲ့ကိစ္စ တွေကို စီမံဆောင်ရွက်ရဦးမှာမို့ ကျုပ်ကိုခွင့်ပြုကြပါဦး'

'ကောင်းပါပြီ နယ်စားလေး'

ကျင်းလီက စုစုအား ရှန်းရှန်းမားစား ကြည့်လိုက်ပြီး ရှီကျူးနှင့်အတူ ထွက်ခွာသွားလေသည်။

လုထင်းနှင့် စုစုတို့က ကျင်းလီအား ငေးမော ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

အကယ်၍....

ကျင်းလီထံ၌ စုစု၏ပလွေပါသွားသည်ကို သိနိုင်ကြမည် ဆိုပါလျှင်....

ကျင်းလီက စုစု၏ပလွေကိုတစ်သက်လုံး သိမ်းဆည်းထား မည့်အကြောင်း သိနိုင်ကြမည်ဆိုပါလျှင်....။

(ဒု-စာအုပ်သိမ်းပြီး၏)

တက္ကသိုလ် သီဟအောင်